# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday 13 March 2018 ၉၂၂၇


## ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် ဆစ်ဒနီမြို့တွင် ကျင်းပပြုလုပ်မည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီကာလအတွင်း ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်


သကြ်န်ပိတ်ရက်များအတွင်း YBS ယာဉ်လိုင်းများ သုံးပုံ နှစ်ပုံခန့် ပြေးဆွဲပေးသွားမည် — စာမျက်နှာ - ၉

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပါဝင်မည့် အကကူမောင်မယ်များနှင့် တွေ့ဆုံခြင်း — စာမျက်နှာ - ၉

ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ငပလီကမ်းခြေတွင် ပြုလုပ်သွားမည် — စာမျက်နှာ - ၁၁

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ် — စာမျက်နှာ - ၁၈

ပွင့်လင်းရာသီ သစ်တောကြိုးဝိုင်းများမှ တရားမဝင် သစ်ထုတ်လုပ်မှုများကို အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းကာ အရေးယူဆောင်ရွက်သွားမည် — စာမျက်နှာ - ၂၁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်-မြန်မာ စီးပွားရေးကော်မတီ ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

# မြန်မာ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ Japan Business Federation (Keidanren) ၏ ဒုတိယဥက္ကဋ္ဌ၊ Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌနှင့် Mitsubishi Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Ken KOBAYASHI နှင့် Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌနှင့် Marubeni Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Teruo ASADA တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၀ ပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017

ကြေးမုံ

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး

ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်က ဦးဆောင်လျက် ပြည်ထောင်စုစီမံကိန်းအဖြစ် ဖော်ဆောင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ စွပ်စွဲချက်များအပေါ် မှန်ကန်သည့်ရပ်တည်ချက်များဖြင့် တုံ့ပြန်ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

လွတ်လပ်မှုနှင့် ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော မြန်မာခေါင်းဆောင်များအနေဖြင့် လူသားမဆန်သည့် ရက်စက်ကြမ်းကြုတ်မှုများကို လုပ်ဆောင်ခဲ့ခြင်းမရှိ၊ ထောက်ခံအားပေးခြင်းလည်း မရှိ၊ ယင်းသို့ မဖြစ်စေရန်အတွက်လည်း အစွမ်းကုန်ကာကွယ်လျက်ရှိသည်။

ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အစဉ်အဆက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ပုံမှန်အခြေအနေတွင် ရှိနေခဲ့သည်။

ထို့နောက် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူပေါင်းများစွာ နေရပ်မှစွန့်ခွာသွားကြသောအခါ ရခိုင်ပြည်နယ်၏ အခြေအနေမှာ ပြောင်းလဲသွားခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ယင်းအခြေအနေသည် မြန်မာ နိုင်ငံအပေါ် နိုင်ငံတကာကထားရှိသည့် သဘောထားအမြင်မှာ အပြုသဘောမဆောင်သည့် အခြေအနေများ ဖြစ်ပေါ်စေခဲ့သည်။ ထိုအထဲတွင် မမှန်သတင်းများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့် မရိုးဖြောင့်သော ကြံစည်အားထုတ်မှုများက မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံသည် ဆယ်စုနှစ် ငါးခုမျှကြာမြင့်သည့် တပ်မတော်အုပ်ချုပ်သည့်စနစ်ကို စွန့်လွှတ်၍ ဒီမိုကရေစီ ခိုင်မာစွာအမြစ်တွယ်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ကိုလိုနီအုပ်ချုပ်ရေးစနစ်၊ အာဏာရှင်စနစ်၊ ပြည်တွင်းပဋိပက္ခများ၊ စိန်ခေါ်မှုများအား ကျော်ဖြတ်ပြီးနောက် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်ရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

အရပ်သားအစိုးရက နိုင်ငံ့တာဝန်ကို ရယူဆောင်ရွက်သည့်အချိန်မှစတင်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်အသက်ဝင်အောင် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခက်ခဲနက်နဲရှုပ်ထွေးမှုများရှိသော်လည်း သိသာထင်ရှားသည့် တိုးတက်ဖြစ်ထွန်းမှု ရရှိအောင် ဆောင်ရွက်ခဲ့ရာ မကြာသေးမီကာလက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ရယူဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အောင်မြင်မှု သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ထိုသို့ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မျက်ကွယ်ပြု၍ နိုင်ငံတကာအသိုက်အဝန်းနှင့် ပြည်သူတို့အပေါ် အထင်အမြင်လွဲမှားအောင် ပြုမူလုပ်ကိုင်ဆောင်ရွက်မှုများသည် အပြုသဘောဆောင်ကြိုးပမ်းအားထုတ်မှုများကို ပိုမိုရှုပ်ထွေးစေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ သံသယများ တိုးပွားစေပါသည်။ ထို့ကြောင့် လူသားအချင်းချင်း စာနာထောက်ထားမှုဖြစ်စေရေး၊ ပြည်သူအားလုံး တန်းတူညီမျှ အတူတကွ ဖွံ့ဖြိုးတိုတက်ရေးကို အမှန်တကယ် ဖြစ်ထွန်းစေလိုပါလျှင် အပြုသဘောမဆောင်သည့် ပြုမူမှု၊ ရန်လိုသည့် ဝေဖန်ပြစ်တင်မှု၊ အလျဉ်စလို ဆုံးဖြတ်လုပ်ကိုင်မှုများ မပြုလုပ်သင့်ချေ။ အပြုသဘောဆောင်သည့်နည်းလမ်းများဖြင့်သာ ရှေ့ဆက်ဆောင်ရွက်သွားသင့်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသည့်သူများအပါအဝင် ထိခိုက်နစ်နာသည့် ပြည်သူတို့အပေါ်တွင် အလေးအနက်ထား ဂရုစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ အကြမ်းဖက်သမားများ၏ သားကောင်မဖြစ်စေရေးကို အထူးဂရုစိုက်စောင့်ရှောက်ကာကွယ်ပေးနိုင်ရန်အတွက် လုံခြုံရေးတိုးမြှင့်ချထားပေးကာ အစွမ်းကုန်ကာကွယ်ပေးနေသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများကို လူ့အသိုက်အဝန်းတစ်ရပ်တည်းအတွက် လူ့အခွင့်အရေးဆိုင်ရာ ကျဉ်းမြောင်းသည့်ဘောင်အတွင်းမှ သီးသန့်ရှုမြင်စဉ်းစား၍ မရနိုင်ပါ။ ပြည်သူအားလုံး၏ အကျိုးစီးပွားကို ရှေးရှု၍သာ ဆောင်ရွက်မှသာ တရားမျှတမှုရှိနိုင်မည်ဖြစ်သည်။ အမှန်တကယ် စိတ်ရင်းမှန်စွာဖြင့် ကူညီပံ့ပိုးမည်ဆိုပါလျှင် ပိုမို၍ဓမ္မဓိဋ္ဌာန်ကျပြီး မျှတသည့်ချဉ်းကပ်ဆောင်ရွက်မှုမျိုးဖြင့်သာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အသိုက်အဝန်းအားလုံး တန်းတူညီမျှ အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အပြုသဘောဆောင်၊ အကောင်းမြင်စိတ်ထားဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် မတ် ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိရောက်အကျိုးရှိစေမည့် Development Road Map Workshop များကို ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Workshop for Darfting of Kayah State's SME Development Road Map အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသတွင်းကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO၊ INGO များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်း မှီတင်းနေထိုင်သူများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် ဒေသခံပြည်သူများရှိကြောင်း၊ မိမိစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်ရည်နှင့် အသိအမြင်ကျယ်ရန် လိုအပ်ကြောင်း၊ ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် SME အတွက် ပထမခြေလှမ်းဖြစ်ကြောင်း၊ ကယားပြည်နယ်ရှိ စက်မှုရပ်ကွက်ကိုလည်း စက်မှုဇုန်အဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး အဆင်ပြေသော်လည်း နည်းပညာအားနည်းချက်များကြောင့် တိုးတက်သင့်သလောက် တိုးတက်မှုမရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်တာကာလအတွင်း မိမိပြည်နယ်တိုးတက်ရေးအတွက် အကောင်းဆုံး ကြိုးပမ်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ရာ ကယားပြည်နယ်၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်း၊ ကယားပြည်နယ်ရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ အခက်အခဲများ ဖော်ထုတ်ခြင်း၊ Problem Tree နည်းလမ်းကို အသုံးပြု၍ ကဏ္ဍအစုံတွင် ကြုံတွေ့နေရသော အခက်အခဲများကို သတ်မှတ်ခြင်း၊ ကယားပြည်နယ်အတွက် ငါးနှစ်တာ မျှော်မှန်းချက်များ စသည်တို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တောင်စောင်းစိုက်ပျိုးနည်းစနစ် တောင်သူပညာပေး

**လိပ်သို မတ် ၁၂**

ကရင်ပြည်နယ် လိပ်သိုဒေသကော်ဖီစိုက်တောင်သူများ ကော်ဖီသီးနှံ အထွက်နှုန်းတိုးရေး၊ မျိုးကောင်းမျိုးသန့် တိုးချဲ့စိုက်ပျိုးခြင်းနှင့် တောင်စောင်းစိုက်ပျိုးနည်းစနစ်မှန်ကန်ရေးတို့အတွက် မတ် ၁၁ ရက် နံနက်၁၀ နာရီက လိပ်သိုမြို့ ကျေးမင်းကျေးရွာအုပ်စု မစအထက်ကျေးရွာ မူလတန်းကျောင်း၌ ဥယျာဉ်ခြံစိုက်တောင်သူများနှင့် ကော်ဖီစိုက်တောင်သူများအား တွေ့ဆုံဆွေးနွေးကာ ပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"လိပ်သိုဒေသမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ဧက ၅၇၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကော်ဖီသီးနှံတိုးချဲ့စိုက်ဧက ၅၀၀ လျာထားခဲ့ရာမှာ ယနေ့အထိ ဧက ၅၂၀ စည်းရုံးနိုင်ပြီးဖြစ်ပါတယ်၊ ဒါကြောင့် လက်ရှိဥယျာဉ်ခြံများ စိုက်ပျိုးထားသည့် ကော်ဖီအထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်မီရေး၊ တောင်စောင်းများပါ ထပ်ပြီးတိုးချဲ့ကာ စနစ်မှန်ကန်စွာစိုက်ပျိုးသွားနိုင်ရေး နည်းပညာပေးခြင်း ဖြစ်ပါတယ်"ဟု လိပ်သိုစိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဌေးက ပြောသည်။

စိုက်ပျိုးရေးဝန်ထမ်းများ၊ ကော်ဖီပညာရှင်များက ကော်ဖီစိုက်ပျိုးရာတွင် တောင်သူများအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး၊ ဈေးကွက်ဝင်ငွေရ ကော်ဖီသီးနှံတိုးချဲ့ စိုက်ပျိုးစေရေး၊ ကြွက်ကျရောက်မှုအန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနှင့် ဒေသအတွင်း တောင်ကုန်းတောင်တန်းများဖြစ်သောကြောင့် တောင်စောင်းစိုက်ပျိုးခြင်းဖြင့် ကော်ဖီစိုက်ပျိုးဧကတိုးပြီး မြေဆီလွှာထိန်းသိမ်းစေသည့်အတွက် စနစ်တကျတောင်စောင်းစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကွင်းသရုပ်ပြပေးခဲ့ပြီး ကော်ဖီပင်ကြားများတွင် အပိုဝင်ငွေရရှိစေနိုင်သည့် ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်နနွင်းနှင့် ဝဥကို တိုးချဲ့စိုက်ပျိုးစေရေးအတွက် အသိပညာပေး ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



ကော်ဖီနည်းပညာပေးပွဲသို့ မစကျေးရွာနှင့် ကျေးမင်း ကျေးရွာအုပ်စုအတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဥယျာဉ်ခြံစိုက် တောင်သူများ၊ ကော်ဖီစိုက်တောင်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၄၇ ဦးခန့် တက်ရောက်ကြခဲ့ကြောင်း သိရသည်။ **လိပ်သို(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၄၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၅/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၀/၇၅၈ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၉/၇၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၄. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၆၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၁၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၉. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၉. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၅. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ပင်းတယမြို့နယ်၌ နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်

**ပင်းတယ မတ် ၁၂**

နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ အခြေခံအဆင့်သင်တန်းကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဟော်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ပင်းတယမြို့ပေါ် ၁၂ ရပ်ကွက်ရှိ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူများနှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဆရာ ဦးခင်မောင်သန်း(B.A)က သင်ကြားပို့ချလျက်ရှိသည်။ အင်္ဂလိပ်အခြေခံ သဒ္ဒါအရေးအသား၊ စကားပြောဆိုင်ရာ ဘာသာရပ်ကို အလယ်တန်းအဆင့်အား နံနက်ပိုင်း၊ အထက်တန်းဆင့်ကို ညနေပိုင်းတို့တွင် သင်ကြားပေးလျက်ရှိပြီး မတ် ၁၂ ရက်မှ ဧပြီ ၁၂ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

❂ ရှေ့ဖုံးမှ

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi HIGUCHI နှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြသည်။

ထို့ပြင် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာမိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာရာမန်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**



# မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုများအရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး



**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ Japan Business Federation (Keidanren)၏ဒုတိယဥက္ကဋ္ဌ Mr. Ken KOBAYASHI နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်အေး၊ ဦးဝင်းသိန်းဇော်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးဝင်းမြင့်အောင်၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးမောင်မောင်ဦး၊ ဦးပေါခင်(ခ)ဦးသက်လွင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းထွန်း၊ ဦးထွန်းမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်လေ့လာသင်ယူဆည်းပူးစေလို

**ရန်ကုန် မတ် ၁၂**

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းမော်က ယခုသင်တန်းသည် ယခင်က ရက်သတ္တလေးပတ်ဖြင့် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအစား ယခု ပြည်သူ့ဝန်ထမ်းအကယ်ဒမီအောက်တွင် ရက်သတ္တပတ် ၂၀ ဖြင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၁)အဖြစ် ပထမဆုံးအကြိမ် အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့ကို ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာတွင် Management Training Approach နှင့် Educational Approach တို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး Management Training Approach အနေဖြင့် လက်ရှိဖွင့်လှစ်လျက်ရှိသည့် ပုံမှန်သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၏ Curriculum၊ Syllabus များကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲပြီး ပို့ချပေးလျက်ရှိသကဲ့သို့ Educational Approach အနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ တစ်ခုစီတည်ထောင်ခဲ့ပြီး ပထမအဆင့်အဖြစ် အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ အမှတ်စဉ်(၁)မှ (၃)ထိ သင်တန်းသားသင်တန်းသူ ၇၆၄ ဦးကို ဘွဲ့လွန်ဒီပလိုမာများ ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

Civil Service Reform ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် "နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုပြုလုပ်မည့်လုပ်ငန်းစဉ် (Public Perception Survey Activity)" ကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(Public Service Delivery)များ ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း ရှိ/မရှိ၊ အာဏာကို အလွဲသုံးစား ပြုလုပ်ခြင်း ရှိ/မရှိ၊ တုံ့ပြန်ဆောင်ရွက်မှု ကောင်း/မကောင်း၊ တန်းတူအခွင့်အရေးရရှိမှု ရှိ/မရှိ၊ လူမျိုးခွဲခြားမှု ရှိ/မရှိ စသည်တို့အပေါ် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း အနာဂတ်နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားကို မောင်းနှင်ကြမည့် သင်တန်းသားသင်တန်းသူများသည် မိမိတို့၏ အသိပညာအတတ်ပညာများနှင့်အခြေခံပြီး ယခုသင်တန်းမှ သင်ယူလေ့လာရရှိမှုများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်အောင် စေတနာနှင့် ပေါင်းစပ်ကာ မိမိတာဝန်ထမ်းဆောင်ရမည့် ဌာနအကျိုး ထိုမှတစ်ဆင့် ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ရင်း တာဝန်ယူသည့်၊ တာဝန်ခံသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် Life Long Learning ဆိုသည့် တစ်သက်တာ သင်ယူလေ့လာဆည်းပူးခြင်းနှင့် မိမိတာဝန်ထမ်းဆောင်နေသည့် အဖွဲ့အစည်း ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူဆည်းပူးကြပါရန် ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းတွင် ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၂ ရက်မှ ဩဂုတ် ၃ ရက်အထိ ရက်သတ္တပတ် ၂၀ ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ယူအက်စ်-ဘင်္ဂလားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ခတ္တမန္ဒူလေဆိပ်အဆင်း၌ ပျက်ကျ၊ ၄၉ ဦးထက်မနည်း သေဆုံး

**ခတ္တမန္ဒူ မတ် ၁၂**
နီပေါ ထရိုင်ဘူဗန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မတ် ၁၂ ရက်နေ့လယ်က ယူအက်စ်-ဘင်္ဂလား လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားခဲ့ရာ ၄၉ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျ ကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်သည့် အဆင့်မြင့်ရဲအရာရှိတစ်ဦးဖြစ်သူ ဘစ်ချ်ဝိုရက်ဂျ်ပေါ့ခါရယ်က လေယာဉ်ပျက်ကျသည့်နေရာတွင် ပွဲချင်းပြီး ၄၉ ဦး သေဆုံးခဲ့ကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယူအက်စ်-ဘင်္ဂလားလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူက လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များအနက် ဘင်္ဂလားဒေ့ရှ်မှ ၃၂ ဦး၊ နီပေါမှ ၃၃ ဦး၊ တရုတ်နိုင်ငံမှ တစ်ဦးတို့ဖြစ်ပြီး ကျန်တစ်ဦးမှာ မော်လ်ဒိုက်နိုင်ငံမှဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်အမှုထမ်းအပါအဝင် ၇၁ ဦး တင်ဆောင်လာသော ဘွန်ဘာဒီယာဒတ်ချ်ကျူ-၄၀၀ လေယာဉ်သည် မြေပြင်သို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်အမှုထမ်းလေးဦးကို ရုတ်တရက် ရှာမတွေ့သေးကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဆေးဝါးကုသမှုများ ခံယူရန်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ယူဘီဂျီ ၂၁၁ လေယာဉ်ခရီးစဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူသို့ ပျံသန်းလာပြီး မြေပြင်သို့ ဆင်းသက်ရန်ကြိုးစားစဉ် လေယာဉ်ကွင်းကို နှစ်ပတ်ပတ်ကာ ပျံသန်းခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။



လေယာဉ်ပျက်ကျမှုဖြစ်ပြီးနောက် နီပေါ ထရိုင်ဘူဗန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ လေယာဉ်များ ပျံသန်းထွက်ခွာမှုများမပြုရန် ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။ နီပေါဝန်ကြီးချုပ်ကေအက်စ်ရှာ မာအိုလီ၊ ကာကွယ်ရေးဝန်ကြီး အစ်ရှ်ဝါပိုခါရယ်၊ ပြည်ထဲရေးဝန်ကြီး ရမ်ဗဟာဒူးသာပါနှင့် အဆင့်မြင့်အရာရှိကြီးများလည်း လေယာဉ်ပျက်ကျရာနေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ အစိုးရအနေဖြင့် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

နီပေါ ထရိုင်ဘူဗန် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ၂၀၁၅ ခုနှစ် မတ်လက တူရကီလေကြောင်းလိုင်း လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပြီးနောက် ယခုပျက်ကျမှုသည် သမိုင်းတွင် အဆိုးရွားဆုံး လေယာဉ်ပျက်ကျမှုဖြစ်ပြီး သေဆုံးမှု အများဆုံးလည်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တောင်အာဖရိက စက်ဘီးစီးပြိုင်ပွဲအတွင်း စက်ဘီးစီးသမား နှစ်ဦးသေဆုံး

**ဂျိုဟန်နက်စ်ဘာ့ဂ် မတ် ၁၂**
တောင်အာဖရိကနိုင်ငံ ကိပ်တောင်း စက်ဘီးစီးပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင် နှစ်ဦးသေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ယနေ့တွင် အတည်ပြုပြောကြားကြသည်။ ပြိုင်ပွဲကျင်းပချိန်အတွင်း စက်ဘီးအစီး ၂၀ မတော်တဆတိုက်မိမှုကြောင့် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ပြိုင်ပွဲဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေးဗစ်ဘီလာက ပြောကြားသည်။

စက်ဘီးစီးပြိုင်ပွဲဝင်သူသည် မတော်တဆမှုမှရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရပြီး မိသားစု၏ တောင်းဆိုချက်အရ သေဆုံးသူ၏အမည်ကို ထုတ်ပြန်ကြေညာမည်မဟုတ်ကြောင်း ဘီလာက ပြောကြားသည်။ ဒုတိယအကြိမ်ဖြစ်ပွားသော မတော်တဆမှု၌ အမျိုးသားပြိုင်ပွဲဝင် တစ်ဦးသည် နှလုံးဖောက်ကာ သေဆုံးခဲ့ရပြီး ၎င်း၏ အမည်ကိုလည်း ထုတ်ပြန်ကြေညာမည်မဟုတ်ကြောင်း ဘီလာက ပြောကြားသည်။ ယခုနှစ်တွင် ကျင်းပသော ကိပ်တောင်း စက်ဘီးစီးပြိုင်ပွဲသည် အကြိမ်(၄၀)မြောက် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင် စက်ဘီးစီးသမား ၃၅၀၀၀ ခန့်ကို ဆွဲဆောင်နိုင်သော ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**



## အသံထက်မြန်သော ကင်ဇဟာဒုံးကျည်ကို ရုရှားတိုက်လေယာဉ်က လေ့ကျင့်ပစ်ခတ်

**မော်စကို မတ် ၁၂**
ရုရှားလေတပ်မှ ဂျက်လေယာဉ်တစ်စင်းသည် အသံထက်မြန်သော ဒုံးကျည်အမျိုးအစားဖြစ်သည့် ကင်ဇဟာဒုံးကျည်ကို ပစ်ခတ်သည့် လေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရုရှားလေကြောင်း အာကာသတပ်ဖွဲ့မှ အမ်အိုင်ဂျီ-၃၁ အမျိုးအစား တိုက်လေယာဉ်တစ်စင်းသည် မတ် ၁၁ ရက်က အသံထက်မြန်သော ဒုံးကျည်တစ်စင်းကို လေ့ကျင့်သည့်အနေဖြင့် ပစ်ခတ်ခဲ့ရာ ယင်းဒုံးကျည်မှာ သတ်မှတ်ထားသော ပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားကြသည်။

**ဖော်ပြထား**

ကင်ဇဟာဒုံးကျည်စနစ်ကို အမ်အိုင်ဂျီ-၃၁ ဂျက်တိုက်လေယာဉ်မှ ပစ်ခတ်နိုင်ရန် သုတေသနပြု တီထွင်ထုတ်လုပ်ထားသည်။ ယင်းဒုံးကျည်သည် ကုန်းမြေပေါ်နှင့် ပင်လယ်ပြင်အတွင်းရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်ပြီး ရန်သူ၏လေကြောင်းရန် ကာကွယ်ရေးဇုန်နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းမပြုဘဲ ခရီးတာကီလိုမီတာ ၂၀၀၀ ကျော်အထိ ပျံသန်းနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အိုင်ဂျီ-၃၁ ဂျက်တိုက်လေယာဉ်သည် စွမ်းဆောင်ရည်မြင့်မားသော တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး ကင်ဇဟာ ဒုံးကျည်မှာလည်း အမြင့်တွင်ပျံသန်းနိုင်ကာ ရေဒါမှ ထောက်လှမ်းမှုကို ရှောင်ရှားနိုင်ကြောင်း၊ ကင်ဇဟာဒုံးကျည်ကဲ့သို့ ဒုံးကျည် အမျိုးအစားမှာ အခြားမည်သည့်နိုင်ငံ တစ်နိုင်ငံတွင်မျှ အလားတူဒုံးကျည်မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

## အရှေ့အလယ်ပိုင်းဒေသ၏ လက်နက်တင်သွင်းမှုပမာဏ လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလတွင် နှစ်ဆကျော်တိုးလာဟုဆို

**စတော့ဟုမ်း မတ် ၁၂**
ဒေသတွင်း စစ်ပွဲများနှင့် ပဋိပက္ခများတိုးပွားလာခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသ၏ လက်နက်တင်သွင်းမှု ပမာဏသည် လွန်ခဲ့သည့် ၁၀ နှစ်တာကာလတွင် နှစ်ဆကျော် ပိုမိုမြင့်တက်လာခဲ့ကြောင်း ဆွီဒင်အခြေစိုက် သုတေသနအဖွဲ့တစ်ဖွဲ့က မတ် ၁၂ ရက်တွင် ပြောကြားသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ကြားကာလတွင် အရှေ့အလယ်ပိုင်း ဒေသတွင်းရှိနိုင်ငံများ၏ လက်နက်တင်သွင်းမှု ပမာဏသည် ၁၀၃ ရာခိုင်နှုန်းသို့ တိုးမြင့်လာကြောင်း၊ ယင်းပမာဏမှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ လက်နက်များတင်သွင်းမှု ပမာဏ၏ သုံးပုံတစ်ပုံရှိကြောင်း ဆွီဒင်အခြေစိုက် စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနသိပ္ပံ(အက်စ်အိုင်ပီအာရ်အိုင်)က နောက်ဆုံးထုတ်ပြန်သည့် လေ့လာချက်တွင် ဖော်ပြသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ပြင်းထန်သောပဋိပက္ခများ ဖြစ်ပေါ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများအပေါ် စိုးရိမ်ပူပန်မှုများကြောင့် အနောက်ဥရောပနှင့် မြောက်အမေရိကတိုက်တို့တွင် နိုင်ငံရေးအရ အချေအတင်ဆွေးနွေးငြင်းခုံမှုများရှိနေပြီး ယင်းဒေသသို့ လက်နက်ရောင်းချမှုများကို ကန့်သတ်မှုအချို့ရှိနေကြောင်း အဆိုပါသိပ္ပံမှ အထက်တန်း သုတေသီ ပီတာဝစ်မန်းက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် အရှေ့အလယ်ပိုင်းဒေသသို့ အဓိကလက်နက် တင်ပို့သောနိုင်ငံများအဖြစ် တည်ရှိနေပြီး ယင်းဒေသသို့ တင်ပို့သည့် လက်နက်ပစ္စည်းများ၏ ၉၈ ရာခိုင်နှုန်းကို ဆော်ဒီအာရေဗျနိုင်ငံက တင်သွင်းခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးမားဆုံး စစ်လက်နက်ပစ္စည်းတင်သွင်းသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စုသည် ဆော်ဒီအာရေဗျနိုင်ငံမှ တင်သွင်းသည့် စစ်လက်နက်ပစ္စည်းများ၏ ၆၃ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံက ၂၃ ရာခိုင်နှုန်းတို့ကို တင်ပို့ကြသည်။

**ဆင်ဟွာ**



# အာဆီယံ-ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ ဆွေးနွေး

**နေပြည်တော် မတ် ၁၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံ (137th IPU Assembly)သို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က တင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်သို့တင်ပြရာတွင် (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် အိမ်ရှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် နိုင်ငံတကာ ပါလီမန်များ ဥက္ကဋ္ဌတို့က ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါကြောင်း။

IPU ညီလာခံတိုင်းတွင် လက်ရှိနိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်သည့် အရေးပေါ်အကြောင်းအရာ (Emergency item) တစ်ခုကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးလေ့ရှိပါကြောင်း၊ (၁၃၇)ကြိမ်မြောက် ညီလာခံရက်မတိုင်မီ အဖွဲ့ဝင်နိုင်ငံများက Emergency item များကို IPU သို့ ကြိုတင်ပေးပို့ခဲ့ရာ OIC အဖွဲ့ဝင် မော်ရိုကိုနိုင်ငံအပါအဝင် ရှစ်နိုင်ငံက ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ တင်သွင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဆိုပါအခြေအနေများကို ချေပဆွေးနွေးနိုင်သည့်အခွင့်အရေး ရရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် စပ်လျဉ်းသည့် Emergency item တစ်ခု တန်ပြန်တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ တင်သွင်းဆောင်ရွက်နေသော မြန်မာ့လွှတ်တော်၏ ဆောင်ရွက်မှုများကို ၂၀၁၈ ခုနှစ် မတ်လတွင် ဂျီနီဗာ၌ ကျင်းပမည့် (၁၃၈)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံသို့ ပြန်လည်တင်ပြသွားရမည်ဖြစ်ပါကြောင်း၊ (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံကအတည်ပြုခဲ့သည့် ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်တစ်ခုလုံးကို မြန်မာကိုယ်စားလှယ်အဖွဲ့က ကန့်ကွက်ခဲ့ပါကြောင်း၊ မျိုးနွယ်စုအလိုက် သုတ်သင်ရှင်းလင်းခြင်းဆိုသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နေမှုအခြေအနေကိုလည်း ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ သိရှိစေရန် ချက်ချင်းတုံ့ပြန်ရှင်းလင်းပြောကြားခဲ့ကြောင်းကိုလည်း ထပ်လောင်းတင်ပြလိုပါကြောင်း။

(၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံ၌ အရေးပေါ်ကိစ္စရပ်အဖြစ် တင်သွင်းဆွေးနွေးဆုံးဖြတ်ခဲ့သည့် ရခိုင်ပြည်နယ်ကိစ္စ ဆုံးဖြတ်ချက်ကို မြန်မာ့လွှတ်တော်ကိုယ်စားပြု မြန်မာကိုယ်စားလှယ်အဖွဲ့က ပြတ်သားစွာ ကန့်ကွက်ဆွေးနွေးခဲ့မှုကို လွှတ်တော်က သဘောတူအတည်ပြုပေးရန် အဆိုတင်သွင်းအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့တင်သွင်းသည့် အစီရင်ခံစာအပေါ် မှန်ကန်ပြတ်သားသည့် ဆွေးနွေးမှုများနှင့်အတူ ထောက်ခံအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က အာဆီယံ- ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လေ့လာသည့်အခါ အပိုဒ် ၁၀ ပိုဒ်ပါဝင်ပြီး စာချွန်လွှာတွင် လက်မှတ်ရေးထိုးခြင်းအားဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ဖလှယ်နိုင်ခြင်း၊ ပိုမိုကောင်းမွန်သော နယ်စပ်ထိန်းချုပ်မှုများမှတစ်ဆင့် နိုင်ငံခြားသား အကြမ်းဖက် တိုက်ခိုက်ရေးသမားများကြောင့် ပေါ်ထွက်လာသော ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရန် ဩစတြေးလျနှင့် အာဆီယံတို့အကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်ရေးရည်ရွယ်သည်ဟု သိရှိရပါကြောင်း။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပစဉ်။

**❝ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် အကြမ်းဖက်သမားများနှင့် ပတ်သက်သော သတင်းအချက်အလက်များ အပြန်အလှန်မျှဝေပေးရေး၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများနှင့် နောက်ခံသမိုင်းကြောင်းများကို စုံစမ်းဖော်ထုတ်နိုင်ရေး နည်းပညာများ၊ အကူအညီအထောက်အပံ့များ ရရှိနိုင်ခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း အခန်းကဏ္ဍများကို ပိုမိုဆောင်ရွက်နိုင်မည် ❞**

မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်း ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အာဆီယံအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း၊ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါး တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ ဘင်းမ်စတက် ကွန်ဗင်းရှင်းစသည့် အကြမ်းဖက်မှုများနှင့် သက်ဆိုင်သော ကုလသမဂ္ဂကွန်ဗင်းရှင်း ၁၃ ခုကိုလည်း အတည်ပြုဝင်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် အာဆီယံ-ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ပြန်လည်ရှင်းလင်းရာတွင် မြန်မာနိုင်ငံမှ အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် အကြမ်းဖက်သမားများနှင့် ပတ်သက်သော သတင်းအချက်အလက်များ အပြန်အလှန်မျှဝေပေးရေး၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများနှင့် နောက်ခံသမိုင်းကြောင်းများကို စုံစမ်းဖော်ထုတ်နိုင်ရေး နည်းပညာများ၊ အကူအညီအထောက်အပံ့များ ရရှိနိုင်ခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း အခန်းကဏ္ဍများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံ အဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန် ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံ အခြေခံအဆောက်အအုံ ရန်ပုံငွေထံမှ ချေးငွေ အမေရိကန် ဒေါ်လာသန်း ၃၆၀ ဖြင့် စီမံကိန်းသုံးခု အကောင်အထည်ဖော်ရေးကို ဆွေးနွေးလိုပါကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် အချိန်တိုအတွင်း သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုသည့်အတွက် ကြိုဆိုရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အရှည်အသွေးပိုင်းကို အကြောင်းပြုပြီး နှုန်းထားများတက်သွားသည်နှင့်အညီ အရည်အသွေးပိုင်းကိုလည်း အမှန်တကယ် တိုးတက်လာရန်၊ နိုင်ငံတကာစံချိန်မီဖြစ်ရန်၊ နောင် ၁၀ နှစ်ခန့်အထိ ပြန်လှည့်ကြည့်စရာမလိုသည့် လမ်းများဖြစ်ရန် လိုပါကြောင်း။

ADB ချေးငွေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ ရန်ကုန်မှဘောနပ်ကြီးအထိ မိုင် ၄၀ လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်တင်ပြလိုပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်သည့်အခါတွင် အပြည်ပြည်ဆိုင်ရာလမ်းမကြီးဖြစ်ရန် AC ခင်းခြင်း၊ Raised median မှ Depressed median ပြောင်းလဲပြီး နှစ်မီတာခွဲရှိ အတွင်း၊ အပြင် လမ်းပခုံးပြုလုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ Guard -Rail များ တပ်ဆင်ခြင်းတို့ဖြင့် လက်ရှိ လေးလမ်းသွားလမ်းကြီးကို နိုင်ငံတကာအဆင့်မီ Express Way လမ်းမကြီးအဆင့်ဖြစ်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်ကြောင်း သိရပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စုစုပေါင်း အရှည်မှာ ၃၆၆ မိုင် ၃ ဖာလုံရှိပြီး အသွားအပြန် ၇၇၂ မိုင် ၆ ဖာလုံရှိပါကြောင်း၊ တစ်မိုင် ကုန်ကျစရိတ် ကျပ်သန်း ၂၅၀၀ နှင့် ကျပ်သန်းပေါင်း ကိုးသိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့သောကြောင့် ယင်းကုန်ကျငွေသည် နိုင်ငံတကာအဆင့်မီ လမ်းမကြီးတစ်ခုဖြစ်အောင် တည်ဆောက်နိုင်ပါကြောင်း၊ တစ်နေ့ကို ကားစီးရေ တစ်သောင်းကျော် ဖြတ်သန်းသွားလာနေသည့် အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆဖြစ်မှုများသည် ယနေ့တိုင် နေ့စဉ်နီးပါး ဖြစ်ပွားနေပါကြောင်း၊ အမြန်လမ်းမကြီးသည် ပွင့်လင်းမြင်သာစွာ ထောက်ပြခွင့်မရသည့် အဆိုးဒဏ်များကို ခရီးသွားပြည်သူများ အသက်များဆုံးပါးသည်အထိ ခံနေကြရပြီး Project ခြစားမှုကြီးများ ထပ်မံမဖြစ်ရန်၊ ပြည်သူများအတွက် ဆိုးကျိုးမရှိစေဘဲ ကောင်းကျိုးများရရှိရန်အတွက် ချေးငွေများ သေချာစွာစိစစ်ပြီး လုပ်ချင်သည်ထက် လုပ်သင့်သည်များလုပ်ရန် အကြံပြုပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၊ ဆိပ်ကြီး/ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းနှင့် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိ မြို့များဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဘားအံမဲဆန္ဒနယ်မှ နန်းသန်းသန်းလွင်က မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိ မြို့များ ဖွံ့ဖြိုးမှုစီမံကိန်းကို လေ့လာသည့်အခါ ချေးငွေစည်းကမ်းသတ်မှတ်ချက်များရှိပြီး ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ်ဖြင့် ချေးငွေသက်တမ်းမှာ ၃၂ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းအနေဖြင့် ဆိုင်းငံ့ကာလ ရှစ်နှစ်အတွင်း တစ်ရာခိုင်နှုန်းဖြစ်၍ ပြန်ဆပ်ကာလ၏ ၂၄ နှစ်အတွင်းတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပေးချေရမည်ဟု သိရပါကြောင်း။

ဘားအံမြို့သည် ဧရိယာစတုရန်းမိုင် ၁၁၂၀ ဒသမ ၀၉ ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၅၃ ပေအမြင့်တွင် တည်ရှိပါကြောင်း၊ မြို့ပြဖြစ်၍ လူဦးရေသည်လည်း တစ်စတစ်စတိုးပွားနေထိုင်လာကြရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လူဦးရေငါးသောင်းနီးပါးထိ နေထိုင်လျက်ရှိနေသည့်အတွက် ရေရရှိမှု အဆင်ပြေမှုမရှိခဲ့ပါကြောင်း၊ ထို့ပြင် အမှိုက်စွန့်ပစ်မှုများမှာလည်း သန့်ရှင်းမှုမရှိဘဲ မြို့သာယာလှပမှုကို ရုပ်ဆိုးစေခဲ့ပါကြောင်း၊ ဘားအံမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်အဖြစ် ရေကောင်းရေသန့် လုံလောက်စွာ ပေးဝေရေးစနစ်နှင့် အမှိုက်စွန့်ပစ်သိမ်းဆည်းမှုစနစ်များကို တင်ပြရလျှင် စီမံကိန်းပြီးဆုံးပါက ဘားအံမြို့ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းအထိ သန့်ရှင်းသော သောက်သုံးရေများကို ၂၄ နာရီ ပေးဝေနိုင်မည်ဖြစ်သည့်အတွက် အလွန်အကျိုးများသည့် စီမံကိန်းကြီးဖြစ်ပါကြောင်း။

အမှိုက်သိမ်းစနစ် အဆင့်မြှင့်တင်ခြင်းဖြင့် ဘားအံမြို့သည် မြို့ပြအဆင့်တွင်ရှိရမည့် အမှိုက်သိမ်း အဆင့်မြင့်စနစ်များ ရရှိနိုင်မည်ဖြစ်သည့်အတွက် လွန်စွာကောင်းမွန်သော စီမံကိန်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအပေါ် ဘားအံမြို့နေ ပြည်သူလူထုများကိုယ်စား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးစေလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး (ဘောဂဗေဒ)၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် တန့်ယန်းမဲဆန္ဒနယ်မှ စိုင်းမောင်ပွင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# သမားရိုးကျမဟုတ်သောနည်းလမ်းဖြင့် အငြင်းပွားမှုများဖြေရှင်းခြင်း

လွင်သွင်ဦး

**ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ ဂရုစိုက်ရမှာဖြစ်**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့က တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်း၌ "လူမှုအဖွဲ့အစည်းအတွင်းမှာ ပြည်သူအများစုကတော့ သူတို့ရဲ့အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ နှစ်ရှည်လများကျင့်သုံးလာတဲ့ ဓလေ့ထုံးစံအတိုင်း လိုက်နာဆောင်ရွက်နေကြပြီး နိုင်ငံတော်ရဲ့ တရားစီရင်ရေးစနစ်ကို မှီခိုမှုအားနည်းနေတာကို လေ့လာမိပါတယ်၊ ကာယကံရှင်တွေအနေနဲ့ တရားရုံးသို့ သွားလာဆောင်ရွက်ရတဲ့ စရိတ်၊ အချိန်၊ လမ်းပန်းဆက်သွယ်ရေး စတာတွေဟာ ကြီးမားတဲ့ အခက်အခဲတွေဖြစ်နိုင်ပါတယ်၊ ဒီလို အခက်အခဲတွေ ရှိနေတဲ့သူတွေဟာ တရားရုံးတွေ၊ ရဲစခန်းတွေကိုလာရောက်ကြတဲ့အခါ ထပ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ ဂရုစိုက်ရမှာဖြစ်ပါတယ်၊ မျှတတဲ့ဆက်ဆံမှု၊ ဥပဒေအရ အကာအကွယ်ပေးမှုတွေကို အပြည့်အဝ ပံ့ပိုးပေးရမှာဖြစ်ပါတယ်၊ ဒါကြောင့် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေချမှတ်ရာမှာ စေ့စပ်ညှိနှိုင်းဖြေရှင်းနည်းနဲ့ မှန်မှန်ကန်ကန် စနစ်တကျ ဖြေရှင်းပေးနိုင်ဖို့ အငြင်းပွားမှုဖြေရှင်းတဲ့ အခြားနည်းလမ်းတွေ ဖွံ့ဖြိုးလာစေဖို့အတွက်လည်း စဉ်းစားသင့်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။ အဆိုပါလမ်းညွှန်ချက်သည် မြန်မာနိုင်ငံတော်တွင် ယနေ့အချိန်၌ အမှန်တကယ် လိုအပ်လျက်ရှိပါသည်။

**အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းသည် အလွန်အရေးကြီး**

ဤအကြောင်းနှင့်စပ်လျဉ်း၍ စာရေးသူသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်စဉ် ၂၀၀၁ ခုနှစ်က ပထမဆုံးသော ပြည်ပခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံတွင် "'An Executive Programme in Negotiation and Mediation" သင်တန်းတက်ရောက်ခွင့်ရရှိပါသည်။ ထိုသင်တန်းမှစတင်၍ "Alternative Dispute Resolution (ADR)"ဆိုသည့် ဘာသာရပ်ကို သိရှိလေ့လာခွင့်ရရှိခဲ့ပါသည်။ ထိုစကားရပ်၏ အဓိပ္ပာယ်ကို တရားဝင်ဘာသာပြန်ဆိုချက်မရှိသေးပါ။ စာရေးသူနားလည်သလို "သမားရိုးကျမဟုတ်သော နည်းလမ်းဖြင့် အငြင်းပွားမှုများဖြေရှင်းခြင်း" ဟု ဖော်ပြအပ်ပါသည်။ ADR ဆိုသည်မှာ Mediation စေ့စပ်ဖျန်ဖြေခြင်း၊ Negotiation ညှိနှိုင်းဆွေးနွေးခြင်း၊ Consultation တိုင်ပင်ဆွေးနွေးခြင်းနှင့် Arbitration အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းတို့ဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ Arbitration တွင် International Arbitration အပြည်ပြည်ဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် Domestic Arbitration ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းဟု ရှိပါသည်။

စာချုပ်များ၊ အထူးအားဖြင့် စီးပွားရေးစာချုပ်များ ချုပ်ဆိုကြရာတွင် အငြင်းပွားမှုဖြေရှင်းခြင်း Settlement of Dispute ဆိုသည့် စာပိုဒ်ကို ထည့်သွင်းချုပ်ဆိုလေ့ရှိကြပါသည်။ စီးပွားရေးလုပ်ငန်းများသည် အဆင်မပြေမှုများ ပေါ်ပေါက်ပါက အငြင်းပွားမှုဖြစ်လေ့ရှိပါသည်။ ထိုအခါ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းသည် အလွန် အရေးကြီးပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာစီးပွားရေး စာချုပ်ဆိုပါက မည်သည့်ဥပဒေဖြင့် ဖြေရှင်းမည် (The Governing Law or Choice of Law) ဆိုသည့် အချက် သည် အလွန်အရေးကြီးပါသည်။

အငြင်းပွားမှုများဖြေရှင်းရာတွင် တရားစွဲဆိုသည့် နည်းလမ်း (Litigation)ဖြင့်သာ ရှေးယခင်က ဆောင်ရွက်လေ့ရှိကြပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် Alternative Dispute Resolution -ADR နည်းလမ်းကို အသုံးပြုကြပါသည်။

**အငြင်းပွားသူနှစ်ဦးအကြား နှစ်ဖက်လက်ခံနိုင်သည့် အဖြေကို သဘောတူညီချက်ဖြင့် ရယူ**

Mediation စေ့စပ်ဖျန်ဖြေခြင်းဆိုသည်မှာ အငြင်းပွားသူနှစ်ဖက်အကြားတွင် စေ့စပ်ဖျန်ဖြေပေးသူ Mediator က နှစ်ဖက်အကြားတွင် စေ့စပ်ဖျန်ဖြေခြင်းဖြင့် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိကာ အငြင်းပွားမှုကိုအဖြေရှာခြင်းဖြစ်ပါသည်။ တရားရုံးတွင် စစ်ဆေးစီရင်သကဲ့သို့ တရားသူကြီးက ဆုံးဖြတ်ချက် အမိန့်ချမှတ်ခြင်းမဟုတ်ပါ။ အငြင်းပွားသူနှစ်ဦးအကြား နှစ်ဖက်လက်ခံနိုင်သည့် အဖြေကို သဘောတူညီချက်ဖြင့် ရယူခြင်းဖြစ်ပါသည်။

Negotiation ညှိနှိုင်းဆွေးနွေးခြင်းဆိုသည်မှာ အငြင်းပွားသူနှစ်ဖက်ကြားတွင် တိုက်ရိုက်ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ ညှိနှိုင်းပေးသူ Negotiator ၏အကူအညီဖြင့်ဖြစ်စေ အငြင်းပွားသူနှစ်ဖက်အကြား ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အငြင်းပွားမှု၏ အဖြေကိုရယူခြင်းဖြစ်ပါသည်။ အလားတူပင် Consultation တိုင်ပင်ဆွေးနွေးခြင်း နည်းလမ်းသည်လည်း ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် အငြင်းပွားမှု၏ အဖြေကိုရယူခြင်းဖြစ်ပါသည်။ နည်းလမ်းသုံးခုလုံးသည် သဘောသဘာဝအားဖြင့် တူညီပါသည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းကဲ့သို့ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိ**

Arbitration အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုသည်မှာ တရားစီရင်ရေးသဘော သက်ရောက်သောဆောင်ရွက်မှု (Quasi Judicial Function) ဖြစ်ပါသည်။ တရားရုံးများတွင် တရားစီရင်ရေးဆောင်ရွက်ချက်မှာ နိုင်ငံတော်က ခန့်ထားသော တရားသူကြီးများက ၎င်းတို့စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် အမှုများကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ခြင်းဖြစ်ပါသည်။ အငြင်းပွားသူများ၊ အမှုသည်များက မိမိတို့ကြိုက်နှစ်သက်သည့် တရားရုံး၊ တရားသူကြီးတို့ကို ရွေးချယ်ပိုင်ခွင့်မရှိပါ။ အနုညာတစီရင်ဆုံးဖြတ်ခြင်းမှာ အငြင်းပွားသော အမှုသည်များက မိမိတို့နှစ်သက်ရာပုဂ္ဂိုလ်များကို အနုညာတခုံသမာဓိလူကြီး(Arbitrator) အဖြစ်ခန့်ထားပြီး ထိုပုဂ္ဂိုလ်များ၏ အဆုံးအဖြတ်ကို ခံယူလိုက်နာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ The Arbitration Act, 1944(Burma Act IV, 1944)နှင့် The Arbitration(Protocol and Convention)Act (India Act 6,1937) တို့ကို ပြဋ္ဌာန်းထားပါသည်။

ထိုဥပဒေများကို ခေတ်နှင့်လျော်ညီ စေရန်အတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၆)ကို အသစ်ပြဋ္ဌာန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ အနုညာတစီရင် ဆုံးဖြတ်ခြင်းသည် မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် Mediation စေ့စပ်ဖျန်ဖြေခြင်း၊ Negotiation ညှိနှိုင်းဆွေးနွေးခြင်း၊ Consultation တိုင်ပင်ဆွေးနွေးခြင်းစသည့်နည်းလမ်းတို့ဖြင့် အငြင်းပွားမှုများဖြေရှင်းခြင်းကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ထားခြင်းမရှိသေးပါ။ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံများတွင် အဆိုပါအငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းများကို ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ခြင်း၊ ဗဟိုဌာန (Centre)များ စနစ်တကျ ဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ့ရိုးရာ ဥပဒေစနစ်သည် မြန်မာမင်းများလက်ထက်ကတည်းက စတင်ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်**

မြန်မာနိုင်ငံ၏ ဥပဒေစနစ်ကို လေ့လာပါက ရှေးမြန်မာမင်းများလက်ထက်ကစ၍ မြန်မာ့တရားဥပဒေနှင့် မြန်မာ့ရိုးရာဥပဒေစနစ်သည် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာမင်းများလက်ထက်က မြန်မာ့တရားဥပဒေများကိုလေ့လာပါက "ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံးနှင့် ဓလေ့ထုံးစံ"များသည်မြန်မာ့ရိုးရာ ဥပဒေများဖြစ်ပါသည် မြန်မာမင်းများလက်ထက်တွင် တရားရုံးများကိုလည်း စနစ်တကျတည်ထောင်ထားရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာဥပဒေစနစ်သည် မြန်မာမင်းများ လက်ထက်ကတည်းက စတင်ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်ပါသည်။

မြန်မာ့ရိုးရာ ဥပဒေစနစ်၏ အနှစ်သာရကို လေ့လာပါက "ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှုပပျောက်စေ" ဆိုသည့် မူသဘောကို အဓိကထားပါသည်။ ရပ်ရွာအတွင်း အငြင်းပွားမှုများ ဖြစ်ပွားပါက ရပ်ရွာအကြီးအကဲများကစေ့စပ်ညှိနှိုင်းဖျန်ဖြေပေးခြင်းဖြင့် ပြေလည်မှုရရှိသွားသည်ကများပါသည်။ မြန်မာတိုင်းရင်းသားများသည် တရားရုံး၊ ရဲစခန်း(ရုံး/ဂါတ်)တို့ကို အလွန်ရှောင်ရှားလိုကြပါသည်။ မဖြစ်မနေအခါမျိုး၌သာ ရောက်ရှိလေ့ရှိပါသည်။ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများကို လေ့လာပါကလည်း တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဖြေရှင်းခြင်း၊ ရပ်ရွာအကြီးအကဲ၏ စေ့စပ်ဖျန်ဖြေညှိနှိုင်းပေးမှုကို နာခံခြင်းစသည့် ကောင်းမြတ်သောချစ်စရာ ဓလေ့ထုံးစံများကို အခြေခံပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ရှေးယခင်နှစ်ပေါင်းများစွာကစ၍ သန္ဓေတည်ခဲ့သော စေ့စပ်ညှိနှိုင်းဖျန်ဖြေခြင်းဖြင့် အငြင်းပွားမှု ဖြေရှင်းခြင်းနည်းလမ်းသည် မျက်မှောက်ခေတ်တွင်လည်း ဆက်လက်တည်ရှိနေပါသည်။ ယနေ့အချိန်အခါတွင် အငြင်းပွားမှုဖြစ်သူများသည် မိမိတို့အချင်းချင်းညှိနှိုင်းဖျန်ဖြေခြင်း၊ ရပ်ရွာအကြီးအကဲများ၏ စေ့စပ်ဖျန်ဖြေမှုများဖြင့် အငြင်းပွားမှုများပြီးဆုံးသွားခြင်း စသည့် ဖြေရှင်းမှုများစွာကို တွေ့ရှိနိုင်ပါသည်။

**စေ့စပ်ညှိနှိုင်း ဖျန်ဖြေခြင်းနှင့် သက်ဆိုင်သော ဥပဒေများကို နိုင်ငံတော်က ပြဋ္ဌာန်းပေးနိုင်ခဲ့ပါလျှင်**

ဤနေရာတွင် လိုအပ်ချက်တစ်ခုအနေဖြင့် ရှိနေသည်မှာ အထက်ဖော်ပြပါ ညှိနှိုင်းဖျန်ဖြေစေ့စပ်ဖြေရှင်းခြင်းနည်းလမ်းများသည် မိမိတို့၏ ရိုးရာဓလေ့အရ ဆောင်ရွက်မှုများသာဖြစ်ပြီး အနုညာတစီရင်ဆုံးဖြတ်ခြင်းကဲ့သို့ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ထိုသို့ဖြေရှင်းခြင်းနည်းလမ်းများမှာ တရားဝင်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စေ့စပ်ညှိနှိုင်းဖျန်ဖြေခြင်းနှင့် သက်ဆိုင်သော ဥပဒေများကို နိုင်ငံတော်က ပြဋ္ဌာန်းပေးနိုင်ခဲ့ပါလျှင် အဆိုပါအငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းများမှာ တရားဝင်ဆောင်ရွက်ချက်များဖြစ်ပြီး ခိုင်မာမှုရှိလာမည်ဖြစ်ပါသည်။

သမားရိုးကျ မဟုတ်သောနည်းလမ်းဖြင့် အငြင်းပွားမှုများဖြေရှင်းခြင်း (Alternative Dispute Resolution)သည် အပြည်ပြည်ဆိုင်ရာကလက်ခံထားသော တရားဥပဒေစိုးမိုးရေး (Rule of Law) စံနှုန်း၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပါ လမ်းညွှန်မှုပြုသည့်အတိုင်း "ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် စေ့စပ်ညှိနှိုင်းဖြေရှင်းနည်းနှင့် မှန်မှန်ကန်ကန် စနစ်တကျ ဖြေရှင်းပေးနိုင်ဖို့ အငြင်း ပွားမှုဖြေရှင်းသည့် အခြားနည်းလမ်းများဖွံ့ဖြိုးလာစေရန်အတွက်လည်း စဉ်းစားသင့်ပါကြောင်း" ဆိုသည့် အချက်ကို အလေးအနက်ထားပြီး သက်ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရိုးရာ ဥပဒေစနစ်၏ အနှစ်သာရကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး တရားရုံးများတွင်လည်း အမှုများ လျော့နည်းကျဆင်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

> **"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပါ လမ်းညွှန်မှုပြုသည့်အတိုင်း "ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် စေ့စပ်ညှိနှိုင်းဖြေရှင်းနည်းနှင့် မှန်မှန်ကန်ကန် စနစ်တကျ ဖြေရှင်းပေးနိုင်ဖို့၊ အငြင်းပွားမှုဖြေရှင်းသည့် အခြားနည်းလမ်းများ ဖွံ့ဖြိုးလာစေရန်အတွက်လည်း စဉ်းစားသင့်ပါကြောင်း" ဆိုသည့်အချက်ကို အလေးအနက်ထားပြီး သက်ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရိုးရာ ဥပဒေစနစ်၏ အနှစ်သာရကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး တရားရုံးများတွင်လည်း အမှုများလျော့နည်းကျဆင်းမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း"**

## အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေး ရှင်းလင်းပွဲကျင်းပ

**လယ်ဝေး မတ် ၁၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု စီမံကိန်း (တတိယနှစ်) စက်ဝန်းတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် အမျိုးသမီးများကဏ္ဍစွမ်းရည် မြှင့်တင်ရေးရှင်းလင်းပွဲကို မတ်လ ဒုတိယပတ်က လယ်ဝေးမြို့ ချမ်းမြေ့ရိပ်သာကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းစီမံချက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွေးနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြင့်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံတကာ CDD အကြံပေးအရာရှိ Mrs. Chi က CDD ၏ အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးမှူး လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဒေါ်ရီရီပြုံးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာအုပ်စု စီ/ထောက် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက CDD လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ စီဒေါ်ပညာပေးမှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ သတင်းအချက်အလက် ပြန်ကြားဆက်သွယ်ရေးအဖွဲ့မှ ပြသထားသည့် နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာကြသူများက ကြည့်ရှု၍ ပဟေဠိမေးခွန်းများ ဖြေဆိုကာ အဖြေမှန်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အရှေ့ဈေးလမ်းဓမ္မာရုံ၌ မတ် ၁၂ ရက်တွင် ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နီချစ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။ ကြေးမုံ

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော်   မတ်   ၁၂**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်(D)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၁ ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အမြင့်ဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၀ နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှု ခြောက်မှုနှင့် တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချ

**နေပြည်တော်   မတ်   ၁၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ခြောက်မှုနှင့် တရားမ အထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ပရောက် မြန်မာနိုင်ငံသားများက UEHRD အတွက် လှူဒါန်း

**နေပြည်တော်   မတ်   ၁၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးပြည်ထောင်စုစီမံကိန်း (UEHRD)၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ပရောက်မြန်မာနိုင်ငံသားများက မြန်မာသံရုံးများမှတစ်ဆင့် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၆၇၈၁ ဒေါ်လာကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်   မတ်   ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Mohd Haniff Abd Rahman နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ယင်းဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် မလေးရှား နှစ်နိုင်ငံအကြား ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ၊ ငြိမ်းချမ်းစွာ အတူလက်တွဲဆောင်ရွက်နေမှုများ၊ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသား အလုပ်သမားများဆိုင်ရာကိစ္စများ၊ ရွှေ့ပြောင်းလုပ်သားများအား ပြန်လည်ခေါ်ယူနိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများ၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသည့် ချင်းလူမျိုးအပါအဝင် အခြားတိုင်းရင်းသားများ ပြန်လည်ခေါ်ယူနိုင်ရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မည့်ကိစ္စများ၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို UEHRD စီမံကိန်းဖြင့် စနစ်တကျဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၁) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန်   မတ်   ၁၂**

မြန်မာနိုင်ငံ တင်းနစ်အားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ထောက်ပံ့ကူညီမှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကော်မတီဝင် (၄)ဒေါ်မေမေသွယ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မောင်သန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဆုတံဆိပ်များပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အဖွဲ့ချုပ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဂုဏ်ပြုလွှာပေးအပ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပသည့် တင်းနစ်ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၌ ပထမဆုအား K.T.R(A)အသင်းက ရရှိပြီး ရန်ကုန်မြို့တော်ဝန် တံခွန်စိုက်ဖလား ရရှိခဲ့သည်။ အမျိုးသားအလွတ်တန်း နှစ်ယောက်ပြိုင်ပွဲတွင် မြူပိုင်မင်းနှင့် အောင်မျိုးသန့်က လည်းကောင်း၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုကို အောင်ကျော်နိုင်ကလည်းကောင်း၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် သန္တာအောင်က လည်းကောင်း အမျိုးသား၊ အမျိုးသမီး(Mixed Doubles)နှစ်ယောက်တွဲ ပြိုင်ပွဲတွင် မင်းမင်းနှင့် ထားထားလွင်က လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် K.T.R(A)အသင်းက လည်းကောင်း အသီးသီးရရှိကြောင်း သိရသည်။



ထို့အပြင် အသက်(၁၀)နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မင်းလွင်ငြိမ်းက လည်းကောင်း၊ အသက်(၁၂)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဝေယံကျော်က လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် အိဇင်ဖြိုးက လည်းကောင်း၊ (၁၄)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဇော်လင်းထွန်းက လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် အိဖြူက လည်းကောင်း၊ အသက်(၁၆) နှစ်အောက် အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် ဟိန်းလတ်ကျော်က လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် အိဖြူက လည်းကောင်း၊ အသက်(၁၈)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းလတ်ကျော်က လည်းကောင်း၊ အသက်(၆၀) နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ကျော်တင့်နှင့် မင်းလွင်တို့က လည်းကောင်း အသီးသီးရရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို မတ် ၆ ရက်မှ မတ် ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**သတင်း- ဇာနည်မောင်**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော်   မတ်   ၁၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၇ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၄ ဒသမ ၈၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၂ ဒသမ ၂၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂၈ ဒသမ ၅၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉၂ ဒသမ ၀၆ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၇၄ ဒသမ ၂၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၈၆ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၅၅ ဒသမ ၃၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၄၁ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၆၉၇ ဒသမ ၀၉ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၄၂ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၁၃ ဒသမ ၁၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၅၅ ဒသမ ၆၉ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၃၅၂ ဒသမ ၇၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၉၅၈ ဒသမ ၆၀ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ် တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

ဥတုရာသီ တောကိုမှီ၍

# သြစတြေးလျနိုင်ငံ၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တက်ရောက်




**ရန်ကုန် မတ် ၁၂**
အာဆီယံဘောလုံးအဖွဲ့ချုပ်၏ (၁၄) ကြိမ်မြောက် ကောင်စီအစည်းအဝေး(AFF 14th Council Meeting for the Session 2015/2019)ကို သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ Intercontinental Sydeny Double Bay ၌ ယနေ့ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပရေး၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များအတွင်း ပြုလုပ်မည့် အာဆီယံ ဒေသတွင်းပြိုင်ပွဲများ၊ သက်တမ်းအလိုက်ပြိုင်ပွဲများ အတည်ပြုခြင်းတို့ကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် ဘရူနိုင်းဖိတ်ခေါ်ဖလားပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ တီမော၊ စင်ကာပူ၊ မြန်မာ၊ ဘရူနိုင်းစသည့် ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-MFF**

**❖ ရသေ့တောင်မှ**

တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၇ မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက "ဒီတံတားကို ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောက်တာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်ကနေ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မှာ လုပ်ငန်းတွေ ပြီးစီးဖို့ ဆောင်ရွက်နေပါတယ်၊ ငွေကျပ်သန်း ၄၀၀၀ ကျော် သုံးစွဲပြီး ဆောင်ရွက်နေပါတယ်၊ ဒီတံတားက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ကနေ ရသေ့တောင်မြို့ကို ဆက်သွယ်တဲ့ ကားလမ်း မိုင်တိုင်အမှတ်(၂၁/၇)နှင့်( ၂၂/၁) အကြားမှာ တည်ရှိပါတယ်၊ ဧပြီလပိုင်းစတာနဲ့ တံတားပေါ်က ကားတွေဖြတ်လို့ရပါပြီ"ဟု ပြောသည်။

ယခင်က ဒေသခံများအနေဖြင့် ပုဏ္ဏားကျွန်းမှ ရသေ့တောင်မြို့သို့ စက်လှေဖြင့်လည်းကောင်း၊ ရသေ့တောင်မြို့မှ စစ်တွေမြို့သို့ စက်လှေ၊ သင်္ဘောတို့ဖြင့် လည်းကောင်း ရေလမ်းခရီးကိုသာ အားကိုး၍ သွားလာခဲ့ကြရကြောင်း သိရသည်။

ရသေ့တောင်မြို့ အရှေ့တောင်ရပ်ကွက်တွင် နေထိုင်သည့် ဦးဘလှက "စီးပွားရေးလုပ်လာတာ နှစ်ပေါင်းသုံးဆယ်လောက်ရှိပါပြီ၊ အရင်တုန်းကဆို ပစ္စည်းတွေတင်တာ၊ ပို့တာတွေကို ရေချမ်းပြင်ဆိပ်ကမ်းကနေ တစ်ဆင့် လုပ်ရပါတယ်၊ စစ်တွေမြို့က ပစ္စည်းတစ်ခေါက်ရောက်ဖို့အတွက် ကားနဲ့တစ်ခေါက် ရေချမ်းပြင်ဆိပ်ကမ်းကို သယ်တယ်၊ ရေချမ်းပြင်ကနေတစ်ခါ စက်လှေနဲ့သယ်ရတယ်၊ အဆင့်ဆင့်သွားရပါတယ်၊ ပစ္စည်းတစ်ခေါက်ရောက်ဖို့အတွက် တစ်နေကုန်အချိန်ပေးရပါတယ်၊ အချိန်လည်းကုန်သလို ငွေကြေးလည်း အမြောက်အမြား ကုန်ကျပါတယ်၊ အခုဒီတံတားကြီးပြီးလို့ တိုက်ရိုက်ရောက်မယ်ဆိုရင်တော့ စစ်တွေမြို့က ကားနဲ့ပစ္စည်းတင်လိုက်တာနဲ့ အိမ်ကိုတိုက်ရိုက်ရောက်လာတော့ အဆင်ပြေတာပေါ့၊ ဒီလိုဆိုစီးပွားရေးလုပ်ရတာ အများကြီးအခြေအနေကောင်းလာမှာပါ၊ ငွေကြေးကုန်ကျမှုလည်း သက်သာမယ်၊ အချိန်ကလည်း ရသေ့တောင်-စစ်တွေဆိုရင် နှစ်နာရီလောက်ပဲမောင်းရမယ်ဆိုတော့ အများကြီးအဆင်ပြေသွားပါတယ်၊ တံတားဖွင့်တော့မယ်ကြားလို့လည်း အလွန်ဝမ်းသာမိပါတယ်"ဟု ပြောသည်။

ရသေ့တောင်တံတားပြီးစီးပါက ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ ဒေသခံပြည်သူများ ကားလမ်းဖြင့် လွယ်ကူလျင်မြန်စွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်မည်ဖြစ်သည့်အပြင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**




# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် မတ် ၁၂**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပမည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင် တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စာတမ်းဖတ်ပွဲတွင် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းလုံ(ရှမ်းကြီး)၊ ဂုံရှမ်း၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခ)မိုင်းတာ၊ တိုင်းလိုင်(ရှမ်း)၊ တိုင်းနေ(ရှမ်း)၊ 'ဝ'၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ တအာင်း(ပလောင်)၊ ကိုးကန့်၊ ကချင်၊ ကယန်း၊ ယင်းနက်၊ ယင်းကျား၊ တောင်ရိုး၊ ထနော့၊ လီဆူ၊ အာခါ၊ လားဟူ၊ အဲန်စသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းပေါင်း ၂၆ စောင်ကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ဖတ်ကြားမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ ရိုးရာအစားအသောက်ပြပွဲနှင့် ဈေးရောင်းပွဲများအပြင် ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင်တေးဂီတတို့၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တောင်ကြီးမြို့ရှိ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**(မြန်/ဆက်)**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကြောင်း၌ KIA အဖွဲ့ကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှုပျက်ပြား
# တပ်မတော်စစ်ကြောင်းများက နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ ပုံမှန်ပြန်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့

**နေပြည်တော် မတ် ၁၂**
ကချင်ပြည်နယ် တနိုင်းဒေသ ကောင်ရာပါအနီးပတ်ဝန်းကျင်တွင် KIA လက်နက်ကိုင်အဖွဲ့က ရွှေနှင့် ပယင်းတရားမဝင်တူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုကို ဖြစ်ပေါ်စေသဖြင့် တပ်မတော်စစ်ကြောင်းများက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစတင်၍ တားဆီးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တားဆီးရှင်းလင်းနေမှုအပေါ် KIA အဖွဲ့က လက်တုံ့ပြန်သည့်အနေဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကြောင်း၌ ဇန်နဝါရီ ၂၈ ရက်မှစတင်ကာ လမ်းလုပ်သားများအား ဖမ်းဆီး၍ မြေဖြုတ်ကျင်းများအမြှုတ်ခိုင်းခြင်း၊ တံတားများနှင့် လမ်းပြုပြင်ရေးဆောင်ရွက်နေသည့် ယာဉ်၊ ယန္တရားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းနှင့် တပ်မတော်၏ ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ယာဉ်တန်းများအား ချောင်းမြောင်းတိုက်ခိုက်မိုင်းခွဲခြင်းများ ပြုလုပ်ခဲ့သဖြင့် ဆက်သွယ်မှုပြတ်တောက်ပြီး မော်တော်ယာဉ်များ သွားလာမရဖြစ်ခြင်း၊ ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပူတာအိုခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားသောက်ရေးတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ KIA အဖွဲ့က ဇန်နဝါရီ ၂၇ ရက်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကြောင်း၌ လမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လမ်း၊ တံတားဆောက်လုပ်ရေးကုမ္ပဏီများသို့ လုပ်ငန်းများ ရပ်ဆိုင်းထားရန် ခြိမ်းခြောက်စာများပေးပို့ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ဆွမ်ပရာဘွမ်မြို့အနီး မိုင်တိုင်(၁၁၁)ရှိ ဇနန်သံပေါင်ဘေလီတံတားနှင့် လမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မန်းပြည်တံခွန်ကုမ္ပဏီပိုင် ယာဉ်ယန္တရားများအား မီးရှို့ဖျက်ဆီးခြင်း၊ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မန်းပြည်တံခွန်ကုမ္ပဏီမှ လမ်းပြုပြင်ရေးဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ထိန်ပိုင်ကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ်(၉/၇)နေရာ၊ နမ့်ခမ်းခကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ်(၈၆)နေရာနှင့် ကဝပန်ကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ်(၈၁)နေရာတို့တွင် မြေဖြုတ်ကျင်းများအတင်းအမြှုတ်ခိုင်းခြင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဇနန်သံပေါင် ဘေလီတံတားကြမ်းခင်းများအား ထပ်မံမီးရှို့ဖျက်ဆီးခြင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် လမ်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် လပြည့်ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်တစ်စီးအား ဝဒက်ကျေးရွာအနီး မိုင်တိုင်(၁၇၉)နေရာ၌ မီးရှို့ဖျက်ဆီးခြင်းနှင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပူတာအိုမြို့နယ်ရှိ ဆွမ်ပရာဘွမ်-ပူတာအိုသွားကားလမ်း မိုင်တိုင်အမှတ် (၁၄၇/၆-၇)ရှိ သံပေါင်ဘေလီတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည်တို့ဆောင်ရွက်ခဲ့ကာ လမ်းကြောင်းအား ဖျက်ဆီးထိန်းချုပ်ထားခဲ့ကြောင်း။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်နှင့် မတ် ၈ ရက်တို့တွင် ပူတာအိုမြို့နယ်အတွင်း ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်ယာဉ်တန်းများကိုလည်း ချောင်းမြောင်းပစ်ခတ်မိုင်းဆွဲတိုက်ခိုက်ခြင်း နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း။

ယင်းဖြစ်စဉ်များကြောင့် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ တပ်မတော်စစ်ကြောင်းများက ယင်းလမ်းကြောင်း အနီးပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲရှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း။

မော်တော်ယာဉ်များသွားလာမရဖြစ်ပြီး စားသောက်ရေးတွင် အခက်အခဲများဖြစ်လျက်ရှိသည့်အတွက် သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရနှင့် တိုင်းစစ်ဌာနချုပ်တို့က နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ တပ်မတော်လေယာဉ်များဖြင့် သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးနိုင်ပါရန် တင်ပြတောင်းခံခဲ့သဖြင့် ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ပူတာအိုခရိုင်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ်မှ ပူတာအိုမြို့သို့ တပ်မတော်ပိုင်လေယာဉ်များဖြင့် ငါးခေါက်ပို့ဆောင်ပေးခဲ့ကြောင်း။

ယခုအခါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကြောင်းအား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့နှင့် လမ်းပြုပြင်ရေးကုမ္ပဏီများက လမ်းကြောင်းပေါ်ရှိ ပျက်စီးသွားသည့် လမ်း၊ တံတားများအား မတ် ၅ ရက်တွင် ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် တပ်မတော်ပိုင် မော်တော်ယာဉ်များဖြင့် မတ် ၇ ရက်တွင် မြစ်ကြီးနားမြို့ရှိ သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပို့ဆောင်ပေးခဲ့ရာ မတ် ၁၀ ရက်တွင် ပူတာအိုမြို့သို့ ရောက်ရှိကြောင်း၊ လမ်းကြောင်းလုံခြုံမှုရှိ၍ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပုံမှန်ပြန်လည်စီးဆင်းလာကာ ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းဖုန်းဆရာတော်အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ပူဇော်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး မတ် ၁၂**

နိုင်ငံတော်အစိုးရမှ ဆက်ကပ်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူသော အရညဝါသီ ကျေးဇူးတော်ရှင် မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တ ဉာဏသံဝရအား ပူဇော်ပွဲအခမ်းအနားကို မတ် ၁၂ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လွိုင်လင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ဘဝတုသဗ္ဗမင်္ဂလံနှင့် ဇယမင်္ဂလာဂါထာတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူပြီး အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တ ဉာဏသံဝရအား ဘွဲ့တံဆိပ်တော်များနှင့် ပူဇာဂုဏ်ပြုလွှာများ ဆက်ကပ်လှူဒါန်းသည်။ ရှမ်းပြည်နယ် သာသနာရေးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းဆက်ကပ်သည့် ကုန်း၊ ရေအထက်တန်းအခွန်လွတ်ယာဉ်စီးခွင့် လက်မှတ်နှစ်စောင်နှင့် အနုမောဒနာဂုဏ်ပြုလွှာ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး ဒေါ်နန်းရွှေမြင့်တို့က အလှူငွေများ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတရေ တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဦးစီးတည်ထောင်သူ အောက်စဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနှင့် ရေစက်ချ တရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ နှင့်အညီ ပါမောက္ခချုပ်များကော်မတီဖွဲ့စည်း

**ရန်ကုန် မတ် ၁၂**

အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ အမျိုးသားပညာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးညီလှုငယ်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တို့နှင့်အညီ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် ကော်မတီအမည်ကို တက်ရောက်လာကြသော ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများက ဆန္ဒမဲဖြင့် ပါမောက္ခချုပ်များကော်မတီဟု ရွေးချယ်အတည်ပြုခြင်း၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၇၃ ကျောင်းမှ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ အားလုံးပါဝင်သော ပါမောက္ခချုပ်များကော်မတီကို ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင် ၁၇၃ ဦးက အဖွဲ့ဝင် ၄၄ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဆန္ဒမဲပေးရွေးချယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်များက အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ထပ်မံဆန္ဒမဲပေးရွေးချယ်ကြသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၃ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပါမောက္ခချုပ်များကော်မတီတွင် လိုအပ်သောအဖွဲ့များ ထပ်မံဖွဲ့စည်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# သင်္ကြန်ပိတ်ရက်များအတွင်း YBS ယာဉ်လိုင်းများ သုံးပုံ နှစ်ပုံခန့် ပြေးဆွဲပေးသွားမည်

**ရန်ကုန် မတ် ၁၂**

သင်္ကြန်ပိတ်ရက်များအတွင်း YBS ယာဉ်လိုင်းများမှ သုံးပုံနှစ်ပုံခန့် မြို့တွင်းခရီးစဉ်လမ်းကြောင်းများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လာမည့်သင်္ကြန်ကာလ ပိတ်ရက်များအတွင်း ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရန်အတွက် YBS ယာဉ်လိုင်းများမှ ယာဉ်အစီးရေ ၈၀၀ မှ ၁၀၀၀ အတွင်း ပြေးဆွဲပေးနိုင်ရန် ယာဉ်လိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"မနှစ်ကလိုပဲ YBS ကို ယာဉ်အင်အားရဲ့ သုံးပုံနှစ်ပုံလောက် ပြေးဆွဲပေးသွားဖို့ ရှိပါတယ်၊ အစီး ၈၀၀ ကနေ ၁၀၀၀ လောက်အတွင်းပေ့ါ၊ အခုလက်ရှိမှာတော့ ညှိနှိုင်းဆောင်ရွက်နေတုန်းပါ၊ ဘယ်ယာဉ်လိုင်းတွေ ပြေးဆွဲပေးပြီး ဘယ်ယာဉ်လိုင်းတွေ ရပ်နားမယ်ဆိုတာကို ကြေညာပေးပါမယ်၊ နောက်ပြီး ယာဉ်စီးခပုံမှန်နှုန်းအတိုင်း ကောက်ခံဖို့နဲ့ ဈေးမတက်ဖို့ကိုလည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

ယာဉ်စီးခ ပိုတောင်းမှုအပါအဝင် သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုများအပေါ် တိုင်ကြားမှုများကို စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယာဉ်လိုင်းတာဝန်ရှိသူ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ခေါ်ယူတွေ့ဆုံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။ **ဝဝဝ**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင်ပါဝင်မည့် အကူမောင်မယ်များနှင့် တွေ့ဆုံခြင်း

ရန်ကုန် မတ် ၁၂

**၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရွှေကြိုအစား အကူမောင်မယ်များအဖြစ် အနုပညာရှင်များ၏ရင်သွေးများက ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။ သို့ဖြစ်ရာ ယခုနှစ်အတွက် ကူညီဆောင်ရွက်ပေးသွားကြမည့် အကူမောင်မယ်များနှင့်တွေ့ဆုံပြီး ၎င်းတို့၏ ရင်ခုန်စကားသံများကို မေးမြန်းဖော်ပြလိုက်ပါသည်။**

**သရုပ်ဆောင် အိစိကွေး**

အကယ်ဒမီပေးပွဲမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဘယ်နေရာကပဲဖြစ်ဖြစ် ကူညီပေးဖို့ အမြဲတမ်းကူညီဖို့ အဆင်သင့်ပါပဲ၊ ဒီနှစ်မှရွေးလို့ကူညီတာမဟုတ်ပါဘူး၊ အရင်ကတည်းက လူကြီးတွေဘယ်နေရာပဲလိုလို အမြဲတမ်းကူညီပေးဖြစ်ပါတယ်၊ ကိုယ့်ရဲ့အနုပညာ မောင်နှမတွေ အကုန်လုံးကိုလည်း အကယ်ဒမီရစေချင်တယ်၊ ဒါပေမဲ့ ကံတရားကလည်း ရှိသေးတော့ ဘယ်သူပဲရရ အားပေးမှာပါ၊ ကိုယ့်ရဲ့ အနုပညာမောင်နှမတွေကို ဆုပေးတဲ့စင်ပေါ်မှာ ကိုယ်တိုင်ကိုယ်ကျ ကူညီခွင့်ရတဲ့အတွက် ပျော်လည်းပျော်ပါတယ်။

**ဝင်းခန့်မိုး**
**(ဒေါ်ချိုပြုံး၏မြေး)**

ကျွန်တော် အလွန်ရင်ခုန်ပါတယ်၊ စိတ်တွေလည်း လှုပ်ရှားနေပါတယ်၊ စိတ်ကတော့ ကျွန်တော်ငယ်ငယ်ကတည်းက ရုပ်ရှင်မင်းသားဖြစ်ချင်တယ်၊ ရုပ်ရှင်မင်းသားဖြစ်ပြီးမှ အကယ်ဒမီရမယ်ဆိုတာ ကျွန်တော့်ရဲ့ ဒုတိယအိပ်မက်ပါ၊ အခုလို ကူညီခွင့်ရတဲ့အတွက် ကျွန်တော် တအားလည်း ပျော်တယ်၊ တကယ်လည်း ဂုဏ်ယူပါတယ်၊ ပြီးတော့ ကျွန်တော်က အခုမှ ဒီနယ်ပယ်ထဲကို ဝင်လာတာဆိုတော့ အင်တာဗျူးတွေရော၊ အားလုံးက အသစ်အဆန်းတွေချည်း ဖြစ်နေတယ်၊ အဲဒါကြောင့် ကျွန်တော် တအားလည်း ပျော်ပါတယ်၊ အဘွားကတော့ ကျွန်တော့်ကို အများကြီး ပြင်ဆင်ခိုင်းထားပါတယ်၊ ညဆိုရင် စောစောအိပ်၊ မနက်စောစောထ၊ နေကောင်းအောင်နေဖို့ ပြောပါတယ်။


သရုပ်ဆောင် အိစိကွေး


ဝင်းခန့်မိုး


စံထိပ်ထားဦး


လေပြည်သွေး

**စံထိပ်ထားဦး**
**(ခိုင်သင်းကြည်၏ သမီး)**

ထိပ်အခုလိုပါဝင်ခွင့်ရတဲ့အတွက် အလွန်ပျော်ပါတယ်၊ တအားကြီး စိတ်လှုပ်ရှားတာမျိုးတော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ထိပ်က ကျောင်းပွဲတွေမှာလည်း ပါဝင်ဖူးတယ်ဆိုတော့ သိပ်စိတ်မလှုပ်ရှားပါဘူး၊ ထိပ်နဲ့အတူ ကူညီကြမယ့်သူတွေကလည်း ရင်းနှီးပြီးသားသူတွေ၊ မောင်နှမတွေလိုပဲဆိုတော့ အလွန်ပျော်ပါတယ်၊ မေမေ့ကို အားပေးချစ်ခင်ကြသလို ထိပ်ကိုလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။

**လေပြည်သွေး**
**(မင်းမော်ကွန်း၏ သမီး)**

ညီမဒီနှစ် အကယ်ဒမီပေးပွဲမှာ အခုလိုမျိုး ကူညီပေးခွင့်ရတော့ စိတ်လှုပ်ရှားပါတယ်၊ ပထမဆုံးလည်း ဖြစ်တဲ့အတွက် ပိုပြီးရင်ခုန်ပါတယ်၊ ညီမနဲ့အတူတူ ကူညီကြမယ့်သူတွေ တော်တော်များများကလည်း ခင်မင်ရင်းနှီးပြီးသားဆိုတော့ လုပ်ရတာ ပိုပြီး အဆင်ပြေပါတယ်၊ ပျော်လည်း ပျော်ပါတယ်၊ ပြင်ဆင်မှုတွေအနေနဲ့ကတော့ ဘိုးဘိုးတို့၊ ဖေဖေတို့က ဘယ်လိုလေး လုပ်ဆိုပြီး သင်ပေးပါတယ်၊ ဖေဖေကလည်း ချော်မလဲအောင် သတိထားဖို့ပဲ ပြောပါတယ်၊ ညီမက ဖိနပ်အမြင့်တွေ စီးနေကျမဟုတ်တော့ စိုးရိမ်စိတ်ဖြစ်မိပါတယ်၊ ဒါပေမဲ့ အများကြီးကြိုးစားသွားမှာပါ၊ ညီမအမှားလုပ်မိရင်လည်း ခွင့်လွှတ်ပါလို့၊ ဖေဖေတို့၊ ဘိုးဘိုးတို့ကို အားပေးသလိုပဲ ညီမကိုလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။ **ခင်ဇာလီ**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၂**
မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံခြားစာစစ်ဌာန ၂၁ ခု၊ ပြည်တွင်းစာစစ်ဌာန ၁၇၂၁ ခု စုစုပေါင်း စာစစ်ဌာန ၁၇၄၂ ခုတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားသော ကျောင်းသား ကျောင်းသူ ၇၄၁၆၇၆ ဦးရှိသည့်အနက် ဓာတုဗေဒဘာသာကို ၆၉၄၃၇၁ ဦး ဖြေဆိုကြပြီးပျက်ကွက်သူ ၄၇၃၀၅ ဦး ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သာဝတ္တိ)၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (အေလာ) စာစစ်ဌာနများသို့ ရောက်ရှိပြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

နေပြည်တော်ကောင်စီနယ်မြေ စာစစ်ဌာန ၄၄ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၈၆၂ ဦး ရှိသည့်အနက် ဓာတုဗေဒဘာသာကို ၂၁၄၀၀ ဖြေဆိုကြပြီး ပျက်ကွက်သူ ၁၄၆၂ ဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၆၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ စိတ်ကြိုက်မြန်မာစာဘာသာကို တစ်ဦး ယနေ့ဖြေဆိုကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မတ် ၁၂**
၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတုတ္ထနေ့ အဖြစ် ဆက်လက်ကျင်းပရာ စစ်ဆေးသော ဘာသာရပ်များမှာ ဓာတုဗေဒနှင့် စိတ်ကြိုက်မြန်မာစာတို့ဖြစ်သည်။ ဓာတုဗေဒဘာသာကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ အတွဲ(၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ နှင့် အတွဲ(၈) ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင် ဘာသာတွဲ ယူမည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုရပြီး စိတ်ကြိုက်မြန်မာစာ ဘာသာကို အတွဲ(၃) ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၄) သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ နှင့် အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာယူသည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုရခြင်းဖြစ်ကြောင်း သိရသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာကို တစ်ပြည်လုံးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အထက(၂) စမ်းချောင်းတွင် စာဖြေသူ တစ်ဦးတည်း ဖြေဆိုသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဓာတုဗေဒဘာသာ ဖြေဆိုသည့် စာရင်းသွင်းဦးရေမှာ ၂၂၈၆၂ ဦး ရှိပြီး ၂၁၄၀၀ ဖြေဆိုကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာစာဖြေသူ ၁၆ ဦး တွင် တစ်ဦး ပျက်ကွက်၍ ၁၅ ဦး ဖြေဆိုပြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ လူနာစာဖြေသူ ခြောက်ဦးတို့သည် ယနေ့ ဓာတုဗေဒဘာသာကို ဖြေဆိုကြသည်။

ဓာတုဗေဒဘာသာရပ်ကို အင်းစိန်ဗဟိုအကျဉ်းထောင်၊ မန္တလေး ဗဟိုအကျဉ်းထောင်၊ ရွှေဘိုအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်၊ မြိတ်အကျဉ်းထောင်၊ တောင်ငူအကျဉ်းထောင်၊ စစ်တွေအကျဉ်းထောင်နှင့် မြောင်းမြအကျဉ်းထောင်တို့တွင် အကျဉ်းသားနှင့် အချုပ်ကျ စုစုပေါင်း စာဖြေသူ ၇၉ ဦး ဖြေဆိုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကြားအာရုံချို့ယွင်းသူ ၁၀ ဦး ဓာတုဗေဒဘာသာကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**၂၀၁၈-ခုနှစ်၊မတ်လတွင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား**

ရက်စွဲ- ၁၂-၃-၂၀၁၈ ဘာသာ- ဓာတုဗေဒ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | % |
| ၁ | နေပြည်တော် | ၁၀၃၃၃ | ၁၂၅၂၉ | ၂၂၈၆၂ | ၉၃၉၁ | ၁၂၀၀၉ | ၂၁၄၀၀ | ၉၄၂ | ၅၂၀ | ၁၄၆၂ | 93.61% |
| ၂ | ကချင်ပြည်နယ် | ၁၁၆၄၇ | ၁၈၀၅၀ | ၂၉၆၉၇ | ၁၀၆၃၇ | ၁၇၁၉၆ | ၂၇၈၃၃ | ၁၀၁၀ | ၈၅၄ | ၁၈၆၄ | 93.72% |
| ၃ | ကယားပြည်နယ် | ၁၅၃၆ | ၂၇၆၇ | ၄၃၀၃ | ၁၄၂၄ | ၂၆၆၇ | ၄၀၉၁ | ၁၁၂ | ၁၀၀ | ၂၁၂ | 95.07% |
| ၄ | ကရင်ပြည်နယ် | ၆၄၈၅ | ၁၁၁၇၈ | ၁၇၆၆၃ | ၅၈၅၀ | ၁၀၄၈၄ | ၁၆၃၃၄ | ၆၃၅ | ၆၉၄ | ၁၃၂၉ | 92.48% |
| ၅ | ချင်းပြည်နယ် | ၃၄၇၅ | ၄၈၈၅ | ၈၃၆၀ | ၂၉၃၅ | ၄၃၄၅ | ၇၂၈၀ | ၅၄၀ | ၅၄၀ | ၁၀၈၀ | 87.08% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၉၇၃၉ | ၅၁၀၉၆ | ၉၀၈၃၅ | ၃၇၃၉၂ | ၄၉၆၂၃ | ၈၇၀၁၅ | ၂၃၄၇ | ၁၄၇၃ | ၃၈၂၀ | 95.79% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၇၇၆၃ | ၁၃၈၀၂ | ၂၁၅၆၅ | ၆၉၄၁ | ၁၂၉၇၅ | ၁၉၉၁၆ | ၈၂၂ | ၈၂၇ | ၁၆၄၉ | 92.35% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၁၈၉၀၃ | ၂၄၉၄၅ | ၄၃၈၄၈ | ၁၇၁၈၀ | ၂၃၇၅၀ | ၄၀၉၃၀ | ၁၇၂၃ | ၁၁၉၅ | ၂၉၁၈ | 93.35% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၀၈၂၇ | ၁၃၉၆၃ | ၂၄၇၉၀ | ၉၈၁၃ | ၁၃၃၁၉ | ၂၃၁၃၂ | ၁၀၁၄ | ၆၄၄ | ၁၆၅၈ | 93.31% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၃၂၂၄၃ | ၃၉၇၅၅ | ၇၁၉၉၈ | ၃၀၁၃၉ | ၃၈၆၉၄ | ၆၈၈၃၃ | ၂၁၀၄ | ၁၀၆၁ | ၃၁၆၅ | 95.60% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၅၁၃၆၆ | ၆၂၄၆၇ | ၁၁၃၈၃၃ | ၄၇၉၅၂ | ၆၀၁၉၂ | ၁၀၈၁၄၄ | ၃၄၁၄ | ၂၀၇၅ | ၅၄၈၉ | 95.18% |
| ၁၂ | မွန်ပြည်နယ် | ၁၀၅၈၄ | ၁၆၃၁၅ | ၂၆၈၉၉ | ၉၆၂၀ | ၁၅၅၆၀ | ၂၅၁၈၀ | ၉၆၄ | ၇၅၅ | ၁၇၁၉ | 93.61% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၈၀၈၉ | ၂၀၁၉၉ | ၃၈၂၈၈ | ၁၅၅၁၉ | ၁၈၈၁၁ | ၃၄၃၃၀ | ၂၅၇၀ | ၁၃၈၈ | ၃၉၅၈ | 89.66% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၅၆၃၄၇ | ၆၃၁၉၈ | ၁၁၉၅၄၅ | ၅၁၅၆၀ | ၅၉၂၀၀ | ၁၁၀၇၆၀ | ၄၇၈၇ | ၃၉၉၈ | ၈၇၈၅ | 91.81% |
| ၁၅ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၉၅၁ | ၃၀၇၁ | ၅၀၂၂ | ၁၇၄၉ | ၂၈၆၇ | ၄၆၁၆ | ၂၀၂ | ၂၀၄ | ၄၀၆ | 91.92% |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၉၆၂ | ၁၉၂၄၅ | ၃၁၂၀၇ | ၁၁၀၁၄ | ၁၈၄၁၇ | ၂၉၄၃၁ | ၉၄၈ | ၈၂၈ | ၁၇၇၆ | 94.31% |
| ၁၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၂၁၇ | ၁၀၁၇၂ | ၁၆၃၈၉ | ၅၆၇၆ | ၉၇၀၄ | ၁၅၃၈၀ | ၅၄၁ | ၄၆၈ | ၁၀၀၉ | 93.84% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၀၅၈ | ၃၀၃၃၉ | ၅၄၃၉၇ | ၂၁၆၆၀ | ၂၈၇၇၉ | ၅၀၄၃၉ | ၂၃၉၈ | ၁၅၆၀ | ၃၉၅၈ | 92.72% |
| ၁၉ | နိုင်ငံခြား | ၅၀ | ၁၂၅ | ၁၇၅ | ၃၉ | ၈၈ | ၁၂၇ | ၁၁ | ၃၇ | ၄၈ | 72.57% |
| | စုစုပေါင်း | ၃၂၃၅၇၅ | ၄၁၈၁၀၁ | ၇၄၁၆၇၆ | ၂၉၅၄၉၁ | ၃၉၈၈၈၀ | ၆၉၄၃၇၁ | ၂၈၀၈၄ | ၁၉၂၂၁ | ၄၇၃၀၅ | 93.62% |

# လူစုလူဝေးစနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၂**
မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော လူစုလူဝေးစနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းအမှတ်စဉ် (၂/၂၀၁၈)ဖွင့်ပွဲကို မတ် ၁၂ ရက်က မွန်ပြည်နယ် ပြည်နယ်အရန်တပ်ခွဲ(အတ္ထရံ) သင်တန်းခန်းမနှင့် သထုံခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ ရဲဇာနည်ခန်းမတို့၌ ကျင်းပသည်။

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကျင်းပသော သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက လည်းကောင်း၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သထုံခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းက လည်းကောင်း အဖွင့်အမှာစကားပြောကြားကြသည်။

မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ အရာရှိ အဆင့်နှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၆၀ တက်ရောက်ပြီး သင်တန်းကာလနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**ကျော်သန်း(မော်လမြိုင်)**



# ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ကဝ မတ် ၁၂**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်းရှိ နွေရာသီ သောက်သုံးရေ လုံလောက်မှုမရှိသော ကျေးရွာ ရှစ်ရွာအနက် ရွှေတဆုပ်၊ စာဖြူစု၊ တံတားဦး၊ မမောက်ရွာသစ်၊ ကံတော်ရွာသစ် ကျေးရွာငါးရွာအား ပဲခူးမြို့နှင့် ရန်ကုန်မြို့ရှိ "အမေ့မျိုးဆက်ကွန်ယက်" လူမှုကူညီရေးအသင်းမှ သောက်သုံးရေဂါလန် ၆၂၀၀ အား မတ် ၁၁ ရက်က လာရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးနှင့် ရုံးဝန်ထမ်းများက လာရောက်လှူဒါန်းသော လုပ်အားပေးကုသိုလ်ပြုဒါနအဖွဲ့အား လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ကွမ်းခြံကုန်း မတ် ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ မတ် ၈ ရက်တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ဒေးဒနော စံပြကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အမျိုးသမီးကဏ္ဍ တိုးတက်မြင့်မားလာစေရန်နှင့် အမျိုးသမီးများ၏ စိတ်ဓာတ်တက်ကြွလာစေရန် စည်းရုံးပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ CDD မှ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။**ကြေးမုံ**

# ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပေလီကမ်းခြေတွင် စည်ကားစွာ ပြုလုပ်သွားမည်

**စစ်တွေ မတ် ၁၂**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ခရီးသွားလုပ်ငန်း တိုးတက်မြှင့်တင်နိုင်ရေးအတွက် သံတွဲခရိုင် ပေလီကမ်းခြေမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၁ ရက် ညနေ ၄ နာရီတွင် ပေလီမြို့ ဆောက်လုပ်ရေးရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုနှစ်တွင် ခရီးသွားလာရေးလုပ်ငန်း တိုးတက်နိုင်ရေးကို ရခိုင်ရိုးရာသင်္ကြန်ဖြင့် မြှင့်တင်နိုင်ရန် သဘောတူဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ ပေလီကမ်းခြေတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကိုအခြေခံပြီး သင်္ကြန်ပွဲတော်နှင့်အတူ ဒေသထွက်ကုန်ပြပွဲများ၊ ဒေသအစားအစာပြပွဲများအပြင် တခြားဒေသမှ ထွက်ကုန်များကိုလည်း ပူးပေါင်းပြသနိုင်ရန် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းရှင်များအနေဖြင့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည့်အပြင် ဒေသခံများအတွက်လည်း အကျိုးခံစားခွင့်များ ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရန် ရခိုင်ရိုးရာ အငွေ့အသက်များ ပါဝင်သည့် မဟာသင်္ကြန်ပွဲတော်ကိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အပြုသဘောဆောင်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲကျင်းပနိုင်ရေး၊ ရခိုင်ရိုးရာ ရေးလောင်းမဏ္ဍပ်ဆောက်လုပ်ရေး၊ ဖျော်ဖြေရေး၊ ဒေသထွက်ကုန်အရောင်းပြပွဲ၊ ဒေသအစားအစာ အရောင်းပြပွဲများ ထည့်သွင်းဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ ပါဝင်ဆင်နွှဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ဆောက်လုပ်မည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# မောင်တောဒေသ၌ လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်မှု ဒုတိယအကြိမ် ကွင်းဆင်းဆောင်ရွက်မည်


**မောင်တော မတ် ၁၂**
ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဒုတိယအကြိမ် လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်မှုနှင့် နှစ်နှစ်အောက်ကလေးသူငယ်များ အာဟာရကျွေးခြင်း ကျန်းမာရေးစောင့်ရှောက်မှုကို ကွင်းဆင်းပြုလုပ်သွားမည်ဖြစ်ကြောင်း မတ် ၁၂ ရက် နံနက်ပိုင်းတွင် မောင်တောပြည်သူ့ဆေးရုံ၌ ပြုလုပ်သော လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ လူထုသင်တန်းနှင့် လူထုအတွင်း နှစ်နှစ်အောက်ကလေးသူငယ်များ အာဟာရကျွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းတွင် မောင်တောမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောကြားသည်။

“ဆေးရုံအခြေပြု ကျန်းမာရေးဝန်ထမ်းတွေသာမက အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ရွှေ့လျားဆေးအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျန်းမာရေး ဝန်ထမ်းတွေကိုပါ သင်တန်းပို့ချပေးတာ ဖြစ်ပါတယ်၊ မောင်တောဒေသအတွင်း ကျန်းမာရေးဝန်ထမ်းတွေနဲ့ ရွှေ့လျားဆေးအဖွဲ့တွေအနေနဲ့ ဆေးပညာကျင့်ဝတ်အရ ဒေသတွင်း လူ့အဖွဲ့အစည်းအားလုံးကို ခွဲခြားမှုမရှိဘဲ တူညီတဲ့ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုပေးနေပါတယ်၊ အာဟာရချို့တဲ့မှုကာကွယ်ရေးနဲ့ နှစ်နှစ်အောက် ကလေးငယ်တွေကို အခုအကြိမ်ရောဆိုရင် ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်၊ နိုင်ငံတော်မှာရှိတဲ့ အာဟာရဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ တိုးတက်အောင် မောင်တောဒေသမှာလည်း ဆောင်ရွက်တာဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ လတ်တလော အာဟာရချို့တဲ့တဲ့ ငါးနှစ်အောက်ကလေးဟာ လေးရာခိုင်နှုန်းရှိပါတယ်၊ အာဟာရချို့တဲ့ရာခိုင်နှုန်းက ၁၉ ရာခိုင်နှုန်းရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးသင်တန်းနှင့် နှစ်နှစ်အောက်ကလေးငယ်များ အာဟာရကျွေးခြင်း၊



ဒေါက်တာ ကျော်မောင်မောင်သိန်း



ဒေါ်ဖြူဖြူဝင်း

နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲနှင့် အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲတို့ ပူးပေါင်းပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနေ့ ပို့ချမယ့်သင်တန်းကတော့ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း သင်တန်းနဲ့ နှစ်နှစ်အောက်ကလေးသူငယ်များအာဟာရကျွေးမွေး နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းပဲ ဖြစ်ပါတယ်၊ သင်တန်းသားတွေကတော့ မောင်တောခရိုင်မှာရှိတဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေကို ပို့ချပေးမှာ ဖြစ်ပါတယ်၊ သင်တန်းပို့ချမယ့်ရက်ကတော့ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း သင်တန်းအတွက် နှစ်ရက်နဲ့ နှစ်နှစ်အောက် ကလေးသူငယ်များ အာဟာရကျွေးမွေးနှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းအတွက် နှစ်ရက် ဖြစ်ပါတယ်၊ ဒီသင်တန်းပေးလိုက်တဲ့အတွက် သင်တန်းသူ သင်တန်းသားတွေဟာ သူတို့ရပ်ရွာတွေမှာရှိတဲ့ ကလေးသူငယ်တွေကို အာဟာရချို့တဲ့မှု ဘယ်လိုရှိတယ်ဆိုတာကို ရှာဖွေဖော်ထုတ်နိုင်မယ်၊ နှစ်နှစ်အောက် ကလေးငယ်တွေမှာ ခြောက်လအထိ မိခင်နို့ကိုတိုက်ကျွေးမယ်၊ ဖြည့်စွက်စာတွေကို ခြောက်လကနေ ကိုးလ၊ ကိုးလကနေ ၁၂ လ၊ ၁၂ လကနေ ၂၄ လအတွင်းမှာ ဘယ်လို ကျွေးမွေးရမယ်ဆိုတာကို နားလည်တတ်မြောက်သွားမှာပါ၊ အဲဒါဆိုရင် ကလေးတွေဟာ အာဟာရချို့တဲ့မှုကနေကင်းဝေးပြီး ကျန်းမာဖွံ့ဖြိုးတဲ့ကလေးတွေ ဖြစ်လာနိုင်မှာပါ၊ ဒီသင်တန်းကို ဆင့်ပွားပေးလိုက်တဲ့အတွက် ကလေးတွေကို စောင့်ရှောက်တဲ့နေရာမှာ လတ်တလောအာဟာရချို့တဲ့တဲ့ ကလေးတွေကိုလည်း ဖော်ထုတ်လာနိုင်မယ်၊ မိခင်တွေကိုလည်း ဖြည့်စွက်စာဘယ်လိုတွေ ကျွေးရမယ်ဆိုတာ သင်တန်းပြန်လည်ပေးနိုင်မှာပါ၊ နှစ်နှစ်အောက် ကလေးသူငယ်တွေ အာဟာရချို့တဲ့ခြင်း ကင်းဝေးသွားမယ်ဆိုရင် နိုင်ငံတော်အတွက် ကျန်းမာဖွံ့ဖြိုးပြီး ဉာဏ်ထက်မြက်တဲ့ ကလေးတွေဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးသုတေသနဌာနခွဲ ခရိုင်ပြည်သူ့ကျန်းမာရေး ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ပြောသည်။

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် လူနေမှုဘဝနှင့် ကျန်းမာရေးစစ်တမ်း (၂၀၁၅-၂၀၁၆)အရ ငါးနှစ်အောက်ကလေးငယ်များ၏ ခုနစ်ရာခိုင်နှုန်းမှာ လတ်တလော အာဟာရချို့တဲ့နေကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ကျော်သူဝင်း၊ အေးမင်းသူ**

# နှစ်နှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့ခုနစ်မြို့ မီးလင်းရန် ဆောင်ရွက်ပေးနိုင်ခဲ့

**စစ်တွေ မတ် ၁၂**
လက်ရှိအစိုးရတက်ပြီးနောက်ပိုင်း နှစ်နှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့ ခုနစ်မြို့ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

“အခုအစိုးရတက်ပြီးတဲ့နောက် မအီမြို့ လျှပ်စစ်မီးစရပါတယ်၊ အဲဒီနောက် မင်းပြားမြို့၊ ဂွမြို့၊ မြေပုံမြို့၊ ပေါက်တောမြို့၊ ကမ်းထောင်းကြီးမြို့၊ တပ်တောင်မြို့တွေ ရပါတယ်၊ နှစ်နှစ်အတွင်းမှာပဲ လျှပ်စစ်မီးရတာ ခုနစ်မြို့ရှိသွားပါပြီ”ဟု ရခိုင်ပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသ လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိရာ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ယခုမတ်လကုန်တွင် ပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း သိရသည်။



ရခိုင်ပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးက “မတ် ၃၁ ရက်မှာ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက်ကို Target ထားဆောင်ရွက်နေပါတယ်၊ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိပြီးတာနဲ့ ရသေ့တောင်မြို့ရဲ့ ပတ်လည်မှာရှိတဲ့ ကျေးရွာ ၁၇ ရွာ လျှပ်စစ်မီးရပါမယ်၊ အဲဒီကျေးရွာ ၁၇ ရွာကို ပြည်ထောင်စုရဲ့ဘတ်ဂျက်နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်နဲ့ ဆောင်ရွက်မယ့် နောက်ထပ် ကျေးရွာ ရှစ်ရွာလည်း လျှပ်စစ်မီးရရှိသွားမှာပါ၊ စုစုပေါင်း ၂၅ ရွာ မီးလင်းသွားမှာပါ၊ ဘူးသီးတောင်ကို ဖွန်လပိုင်းမှာ လျှပ်စစ်မီးရရှိနိုင်အောင်၊ မောင်တောကိုတော့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ လျှပ်စစ်မီးရအောင် Target ထားပြီး ဆောင်ရွက်နေပါတယ်၊ ၂၀၁၈ ခုနှစ် နှစ်ကုန်သွားရင် မောင်တောတစ်မြို့လုံး မီးရသွားဖို့ စီစဉ်ထားပါတယ်”ဟု ပြောသည်။

ထို့ပြင် ၎င်းက “မီးမလင်းသေးတာ ကျိုက္ကလီမြို့ ကျန်ပါတယ်၊ ကျိုက္ကလီမြို့ မီးရရှိရေးအတွက်ကိုလည်း ဓာတ်အားခွဲရုံနဲ့ ဓာတ်အားလိုင်းတွေတည်ဆောက်ဖို့ စီစဉ်နေပါတယ်၊ ပြီးရင် မာန်အောင်မြို့၊ မာန်အောင်မြို့ဟာ ပင်လယ်ထဲမှာရှိတဲ့ ကျွန်းဖြစ်တဲ့အတွက် ဘယ်နည်းနဲ့ ဓာတ်အားပေးနိုင်မလဲဆိုတာကို နည်းလမ်းတွေ ရှာဖွေနေပါတယ်၊ နိုင်ငံတော်ရဲ့ ဓာတ်အားစနစ်ရောက်ဖို့ကတော့ နည်းနည်းခက်ပါတယ်၊ ပင်လယ်ထဲမှာ ဒီဓာတ်အားလိုင်းကို ဘယ်လိုတည်ဆောက်ရမလဲဆိုတဲ့ နည်းပညာနဲ့ ငွေကုန်ကြေးကျက များနေပါတယ်၊ အခုက မီးစက်နဲ့ ပေးနေပါတယ်၊ ကျိုက္ကလီက ဂွမြို့နဲ့လည်းနီးတယ်၊ သံတွဲဘက်ကလည်း ဆင်းချလာမယ်ဆိုရင် ဓာတ်အားလိုင်းလမ်းကြောင်းက ဆက်ဆွဲလိုက်ရင် ဖြစ်နိုင်ပါတယ်၊ ကျိုက္ကလီကဘတ်ဂျက်ထဲမှာ လျာထားပြီးသားရှိပါတယ်၊ ငါးနှစ်စီမံကိန်းထဲ ထည့်လျာထားပါတယ်”ဟု ပြောသည်။

ဆက်လက်ပြီး ၎င်းက“ရခိုင်တစ်ပြည်နယ်လုံးနဲ့ခြုံပြောမယ်ဆိုရင် ဒီတစ်နှစ်၊ နှစ်နှစ်အတွင်း လျှပ်စစ်မီးအများကြီး တိုးတက်ရရှိသွားပါတယ်၊ မြို့ ခုနစ်မြို့ မီးလင်းသွားတယ်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးနဲ့ ယှဉ်ကြည့်လိုက်ရင် လျှပ်စစ်မီးရရှိမှု တော်တော်မြန်ပါတယ်၊ ရခိုင်ပြည်နယ်ရဲ့ မြို့ကြီးတွေထဲမှာဆိုရင် ကျိုက္ကလီနဲ့ မာန်အောင်လောက်ပဲ လျှပ်စစ်မီးရဖို့ ကျန်ပါတယ်။

“ရခိုင်ပြည်နယ်မှာ မီးလင်းတဲ့နေရာတွေ ပိုလာတာဖြစ်တဲ့အတွက် ဝန်ထမ်းတွေ ပိုလိုအပ်လာပါတယ်၊ ဒေသခံဝန်ထမ်း အမျိုးသားတွေ ပိုလိုအပ်ပါတယ်၊ ကိုယ့်ဒေသခံကပဲ လျှပ်စစ်ဝန်ထမ်းလုပ်မယ်ဆိုရင် အဆင်ပိုပြေပါတယ်၊ လျှပ်စစ်ဝန်ထမ်းရဲ့ သဘောသဘာဝက ၂၄ နာရီတာဝန်ထမ်းဆောင်ရသလို မီးပျက်ပြီဆိုရင် ညဖြစ်ဖြစ်၊ မိုးရေထဲဖြစ်ဖြစ် ထွက်ရတာပါပဲ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးတွေအတွက် အနစ်နာခံပြီး လျှပ်စစ်ဝန်ထမ်းတွေ လာလုပ်စေလိုပါတယ်”ဟု ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်နှစ်ဘတ်ဂျက်တွင် ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ် ကောင်းမွန်အောင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်ဘတ်ဂျက်တွင် အသစ်တည်ဆောက်မည့် ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ဆောက်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကျော်သူထက်**

# ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ နေ့စဉ်သွားရောက်မှု များပြားနေ

**မြဝတီ မတ် ၁၂**

ထိုင်းနိုင်ငံအတွင်းသို့ MoU စနစ်ဖြင့်ထွက်ခွာနေသည့် မြန်မာအလုပ်သမားများသည် ထိုင်း-မြန်မာ နယ်စပ် မြဝတီမြို့မှတစ်ဆင့် နေ့စဉ်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ စက်မှုဇုန်များ ဖော်ဆောင်နေသော်လည်း အလုပ်ရုံ၊ စက်ရုံတည်ဆောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု နည်းပါးခြင်းနှင့် လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် ထိုင်းနိုင်ငံသို့ ထွက်ခွာလျက်ရှိသည့် မြန်မာအလုပ်သမားများမှာ စံချိန်တင်မြင့်တက်နေဆဲဖြစ်ကာ နှစ်လအတွင်း MoU ဖြင့် ထွက်ခွာကြသည့် အမျိုးသားအမျိုးသမီး ၃၂၀၉၇ ဦး ထွက်ခွာခဲ့ကြောင်း မြဝတီအလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးမှ စာရင်းများအရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြဝတီ-မဲဆောက် လမ်းမှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ MoU လုပ်သားအဖြစ် အမျိုးသား ၁၀၆၀၆ ဦးနှင့် အမျိုးသမီး ၆၃၈၂ ဦး၊ ဖေဖော်ဝါရီလတွင် အမျိုးသား ၈၆၉၂ ဦး၊ အမျိုးသမီး ၆၄၁၇ ဦး စုစုပေါင်း ၃၂၀၉၇ ဦး ထွက်ခွာခဲ့ကြောင်း သိရသည်။

"ကျွန်တော်က Tot Choice ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး လာတာပါ၊ အလုပ်က ထိုင်းနိုင်ငံ လတ်ပူလီမြို့မှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ရမယ်လို့ သိရပါတယ်၊ တစ်နေ့လုပ်အားခ ဘတ် ၃၁၀ ရမယ်လို့တော့ ပြောတယ်၊ ပွဲစားကိုတော့ ငွေကျပ် ၆၀၀၀၀၀ ပေးရတယ်၊ ရွာမှာက အလုပ်မရှိဘူး။ အရင်လိုလယ်နဲ့ကိုင်းလုပ်ရတာလည်း ထမင်းနပ်မမှန်ချင်ဘူး၊ ဒီတော့ရှိတာ ပေါင်နှံပြီးလာရတာပါ၊ သူတို့ပြောသလို တစ်နေ့လုပ်အားခ ဘတ် ၃၁၀ သာ တကယ်ရမယ်ဆိုရင် ပင်ပန်းပါစေ၊ ကြိုးစားပြီး အလုပ်လုပ်မှာပါ။ ကိုယ့်နိုင်ငံမှာသာ အလုပ်ပေါလို့ကတော့ မိသားစုကို ပစ်ပြီးမသွားချင်ပါဘူး" ဟု နတ်မောက်မြို့မှ ကိုတင်သိန်းက ပြောသည်။

**ထိန်လင်းအောင်**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၀၅၀၊ သွင်းကုန် ၉၂၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၆၀၊ သွင်းကုန် အစီး ၁၈၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၄၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၂၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၇၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးဝတ်ဝမ်းဆက်အထည် ၅၀၀၊ ကလေးဝတ်ဘောင်းဘီအထည် ၂၀၀၊ စားသောက်ကုန် ကုန်ကြမ်း ၂၅ ဖာ၊ ဆိုင်ကယ်ချိန်းကြိုး ၄၀ ကီလိုဂရမ်နှင့် ဆိုင်ကယ်ဘရိတ်ရှူး ၁၅ ကီလိုဂရမ် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၇၄ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# သက်ငယ်မုဒိမ်းနှင့် မူခင်းကျဆင်းရေး ဟောပြော

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းနှင့် မူခင်းကျဆင်းရေးအသိပညာပေးဟောပြောဆွေးနွေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသူလေးများ အလုပ်သမများအပါအဝင် စုစုပေါင်း ၃၁၅ ဦး တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးက အမှိုက်သရိုက်များစွန့်ပစ်ခြင်းနှင့်ယင်လုံအိမ်သာများ ရာနှုန်းပြည့်သုံးစွဲရေးကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးထက်ခိုင်ကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။

အလားတူ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက်ရှိ သာသနာဝေယျာဝိစ္စမွေ့ရုံ၌ မတ် ၁၀ ရက် ည ၇ နာရီခွဲက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး ဟောပြောဆွေးနွေးရာ ပြည်သူ ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ဇာနည်မောင်**



# ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာ၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲရာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိ

**ထီးချိုင့် မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာ ဖူးပွင့်ဝေဆာ(၁၀)တန်း ဘော်ဒါဆောင်၌ မတ် ၁၂ ရက်က လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ဖူးပွင့်ဝေဆာဘော်ဒါဆောင်၌ လက်လုပ်မိုင်းဟု ယူဆရသော မသင်္ကာဖွယ်ရာတွေ့ရှိရ၍ ဆရာမ ဒေါ်အေးအေးမင်းက အလယ်တောရဲကင်းမှူး ရဲအုပ်ဗိုလ်ဗိုလ်ဟန်ထံ သတင်းပေးပို့ချက်အရ သွားရောက်ကြည့်ရှုရာ ဘော်ဒါဆောင်အတွင်းရှိ သောက်ရေအိုးအတွင်းမှ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်ခုကိုလည်းကောင်း၊ ဘော်ဒါဆောင်နှင့်ကပ်လျက်နေအိမ်တံခါးမကြီးရှေ့မှငါးမန်းအချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်ခုကိုလည်းကောင်း တွေ့ရှိရသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက ဇရာဝတီတံတား(ထီးချိုင့်)တွင် မိုင်းရှင်းလင်းရေးတာဝန်ဆောင်လျက်ရှိသော တာဝန်ရှိသူတို့အား ဆက်သွယ်ပြီး မိုင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ ထဘီလှန်းသည့်တန်းမှ လက်လုပ်မိုင်းတစ်လုံး အသံမြည်ပေါက်ကွဲခဲ့သည်။ ဆက်လက်၍ မိုင်းရှင်းလင်းရေးအဖွဲ့နှင့်အတူ ရှာဖွေရှင်းလင်းရာ ဘော်ဒါဆောင်ဝင်းအတွင်းရှိ ကျောက်ပုံအတွင်းမှလက်လုပ်မိုင်းတစ်လုံးကိုလည်းကောင်း၊ အခြားနေရာမှလက်လုပ်မိုင်းတစ်လုံးကိုလည်းကောင်း၊ အဆောင်ရှေ့တွင်ရပ်ထားသော ဆရာမဒေါ်အေးအေးမင်းပိုင် တိုယိုမက်မော်တော်ဆိုင်ကယ် အင်ဂျင်ပလပ်နှင့်ချိတ်ဆက်လျက် အင်ဂျင်တုံးတွင် ကပ်ချည်ထားသော လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရကြောင်း သိရသည်။

မိုင်းရှင်းလင်းရေးအဖွဲ့က အဆိုပါဘော်ဒါဆောင်ဝင်းအတွင်း မိုင်းရှင်းလင်းမှုစိတ်ချမှုရှိသည်အထိ ဆက်လက်ရှာဖွေရှင်းလင်းလျက်ရှိကြောင်းနှင့် မိုင်းပေါက်ကွဲမှုတွင် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

## မြန်မာ့ရုပ်မြင်သံကြား

### Entertainment Channel

**၁၃-၃-၂၀၁၈ (အင်္ဂါနေ့)**

| | |
|---|---|
| ၀၅း၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅း၂၀ | ပြည်သူ့နီတိ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" |
| ၀၅း၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၅၀ | Myanma Pottery |
| ၀၆း၁၅ | Talking Shwe Thway (Children Journal) |
| ၀၆း၃၀ | စွယ်စုံရပညာရှင် အောင်ကျော်ထွန်း |
| ၀၇း၀၅ | Surprise Meals |
| ၀၇း၃၀ | ပြည်သူ့နီတိ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" |
| ၀၇း၄၅ | ရင်ထဲစွဲထင်တေးဂန္ထဝင် |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ"(အပိုင်း-၉၃) |
| ၀၈း၃၅ | MRTV Entertainment Music |
| ၀၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၅) |
| ၀၉း၃၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၉း၄၀ | ကာတွန်းအစီအစဉ် "ဝံပုလွေလေး အားမိနဲ့ယူကီ" |
| ၁၁း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်း" |
| ၁၃း၂၀ | Myanma Pottery |
| ၁၃း၄၅ | Law of Jungle (Ep-251) |
| ၁၄း၃၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၃) |
| ၁၅း၀၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၅) |
| ၁၅း၃၅ | မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားမဲ့ကောင်းကင်" |
| ၁၇း၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-14)" |
| ၁၈း၀၀ | Law of Jungle (Ep-252) |
| ၁၈း၄၀ | MRTV Entertainment Music |
| ၁၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၄) |
| ၁၉း၃၅ | MRTV Entertainment Music |
| ၂၀း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၆) |
| ၂၀း၃၀ | Game Show "10 to Million Myanmar" (Epi-95) |
| ၂၁း၁၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၂၁း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဇော်နဲ့ကျော်" |
| ၂၃း၂၅ | Myanma Pottery |
| ၂၃း၅၀ | Talking Shwe Thway (Children Journal) |

**၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၀၀း၀၀ | စွယ်စုံရပညာရှင် အောင်ကျော်ထွန်း |
| ၀၀း၃၀ | ကာတွန်းအစီအစဉ် "ဝံပုလွေလေး အားမိနဲ့ယူကီ" |
| ၀၂း၂၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၄) |
| ၀၃း၀၀ | ပြည်သူ့နီတိ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" |
| ၀၃း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မေးခွန်းနံပါတ်-၃" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |




# အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပြည်ပ၌ကစားသည့် ကစားသမားအများအပြားလိုအပ်နေဟု ဂွါဒီယိုလာပြောကြား

အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းတွင် ပြည်ပ၌ကစားနေသည့် ကစားသမားအများအပြားလိုအပ်လျက်ရှိသည်ဟု ယုံကြည်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင်ကစားခဲ့သည့်ကစားသမားများဖြစ်ကြသည့် ဒေးဗစ်ဘက်ခမ်း၊ အိုဝင်ဟားဂရေ့စ် စသည့်ကစားသမားနောက်ပိုင်းတွင် အင်္ဂလန်အသင်းအတွက် အဓိကပြိုင်ပွဲကြီးများ ယှဉ်ပြိုင်ကစားရာတွင် ဗြိတိန်အခြေစိုက်ကစားသမား တစ်ဦးတစ်ယောက်မှ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။

ဂွါဒီယိုလာအနေဖြင့် အဆိုပါအချက်ကိုထောက်ပြကာ ပရီမီယာလိဂ်ကစားသမားများဖြင့် စပိန်လက်ရွေးစင်အသင်းအောင်မြင်မှုရရှိနေခြင်းကို နှိုင်းယှဉ်ကာ ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိကာလတွင် အင်္ဂလန်အသင်းတွင် ကစားလျက်ရှိသည့်ကစားသမားများမှာ အင်္ဂလန်ပရီမီယာလိဂ်တွင်သာ ကစားလျက်ရှိသည့်ကစားသမားများ ဖြစ်ကြောင်းနှင့် အင်္ဂလန်အသင်းအောင်မြင်မှုတစ်ခုရရှိလိုပါက အင်္ဂလန်ကစားသမားအနေဖြင့်လည်း ပြည်ပတွင်သွား ရောက်ကစားစေလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဒိုင်ဘာလာ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အီတလီစီးရီးအေတွင် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေပွဲစဉ်(၂၇)အဖြစ် အူဒီးနီးစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဒိုင်ဘာလာ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စီးရီးအေ အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဒိုင်ဘာလာက ပွဲကစားချိန် မိနစ် ၂၀ နှင့် ၄၉ မိနစ်တွင် ဂျူဗင်တပ်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ နာပိုလီအသင်းကို တစ်ပွဲလျော့အနေအထားဖြင့် တစ်မှတ်အသာရရှိထားကာ ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအနေအထားအရ ၅၅ ရာခိုင်နှုန်းနှင့် အူဒီးနီးစ်အသင်းမှာ ပိုင်ဆိုင်မှု ၄၅ ရာခိုင်နှုန်းရရှိခဲ့သော်လည်း ဂျူဗင်တပ်အသင်းမှာ ဒိုင်ဘာလာ၏ တိကျသေချာသည့် သွင်းဂိုးများရရှိခဲ့ခြင်းကြောင့် ဘောလုံးပိုင်ဆိုင်မှုကျဉ်းမြောင်းနေသော်လည်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်သည် စပါးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ကာ ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သဖြင့် စိတ်ဓာတ်ပိုင်းအရ အသာစီး ရရှိခဲ့၍ အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

## ဘောလုံးလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာနေဗျူးမှ ထွက်ခွာကာ ပရီမီယာလိဂ်သို့ ပြန်လည်ခြေချရန်စီစဉ်လျက်ရှိကြောင်း သိရသည်။
- **မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒေါ့စကီးအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင် ၁၄၂ သန်း (ယူရိုသန်း ၁၆၀) ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီသည် ပြင်သစ်ပထမတန်းကလပ်ပီအက်စ်ဂျီအသင်း၏ နွေရာသီကာလတွင် ခေါ်ယူမည့်ပထမဦးစားပေးကစားသမားစာရင်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။
- **အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန်အလားအလာရှိနေကြောင်း သိရသည်။**



# ပီအက်စ်ဂျီအသင်းတွင် နေမာ ဆက်နေရန် အာမခံချက်မပေးနိုင်ဟုဆို

ပီအက်စ်ဂျီတွင် တိုက်စစ်မှူး နေမာ ဆက်ရှိလိမ့်မည်ဆိုသည့် အာမခံချက်မျိုးပေးရန် ခက်ခဲကြောင်း ပီအက်စ်ဂျီအားကစား ဒါရိုက်တာ အာတီရိုအင်းနရစ်၏ ပြောကြားချက်ကို ကိုးကားပြီး The Sun သတင်းဌာနက ဖော်ပြသည်။

ရီးယဲလ်မက်ဒရစ်အသင်းက နေမာကို ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၃၅၅ သန်းဖြင့် ခေါ်ယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းရင်းမြစ်များစွာက ဖော်ပြခဲ့ကြပြီးနောက်မှာပင် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူတစ်ဦးက ယခုလို ပြောကြားခဲ့ခြင်းဖြစ်ရာ နေမာနှင့် ရီးယဲလ်တို့ လက်တွဲမှုမှာ မူလခန့်မှန်းထားသည့် ၂၀၁၉ နွေဈေးကွက်ဆိုသည့်ကာလထက် ပိုမိုစောစီးစွာ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။

နေမာမှာ ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ဘာစီလိုနာမှ ပီအက်စ်ဂျီသို့ ကမ္ဘာ့စံချိန်တင်ကြေး ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းကလည်း ဘာစီလိုနာမှ မဟာပြိုင်ဘက် ရီးယဲလ်သို့ တိုက်ရိုက်ပြောင်းရွှေ့ခြင်းက ကစားသမားတစ်ဦးအတွက် ခက်ခဲလွန်းသည့် အခြေအနေကို ရှောင်လွှဲရန်အတွက်သာ ဖြစ်ကြောင်း အဖြေထုတ်မှုများလည်း ရှိနေသည်။

ရီးယဲလ်က နေမာအတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးကို သုံးစွဲရမည်ဖြစ်သည့်အတွက် ဘင်ဇီမာ၊ ဂါရတ်ဘေးလ်၊ ကီလာနာဗက်စ်၊ အစ္စကို၊ လော်ရန်တေးနှင့် ဆီဗာလော့စ် ကစားသမား ခြောက်ဦးအထိ ပြန်လည်ထုတ်ရောင်းနိုင်ဖွယ်ရှိနေသည်။

# ဒဏ်ရာဟောင်းနေရာမှာပင် ဟယ်ရီကိန်း ထပ်မံဒဏ်ရာရရှိခဲ့

ဘုန်းမောက်ကွင်းမှ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ချိုင်းထောက်၊ ခြေကာတို့ကို ဝတ်ဆင်ပြီး ထွက်ခွာသွားခဲ့သည်ကို မြင်တွေ့ခဲ့ရပြီး စပါးနှင့် အင်္ဂလန်နှစ်သင်းလုံးက ကိန်းဓာတ်မှန်အဖြေကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

ကိန်းမှာ ဘုန်းမောက်အသင်းဘက်သို့ ဂိုးသွင်းယူစဉ် ဂိုးသမား ဘီဂိုဗစ်နှင့် တိုက်မိပြီး ဒဏ်ရာရရှိသွားရာ ပွဲကစားချိန် ၃၄ မိနစ်မှာပင် လာမီလာနှင့် လူစားလဲခဲ့ရသည်။ ကိန်း၏ သွင်းဂိုးကို ဒိုင်လူကြီး မိုက်ဒင်က ခွင့်ပြုခဲ့ခြင်းမရှိခဲ့ပေ။ ဒဏ်ရာရရှိသွားခဲ့သော်လည်း ကိန်းက ပြန်လည်ဝင်ရောက်ကစားရန် ကြိုးပမ်းခဲ့သေးသော်လည်း ဆေးအဖွဲ့က ခွင့်မပြုခဲ့ခြင်းကြောင့် ဆက်လက်မကစားခဲ့ရခြင်းဖြစ်ကာ ဥမင်လိုဏ်ခေါင်းသို့ ဝင်သွားစဉ်အတွင်း ရေဘူးကို စိတ်ပျက်လက်ပျက် ပစ်ချခဲ့သည်ကိုတွေ့ရသည်။

ကိန်းမှာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် နှစ်ကြိမ်အနားယူခဲ့ရပြီး ယခုဒဏ်ရာမှာလည်း ယခင်ဒဏ်ရာဟောင်းနေရာမှာပင် ထပ်မံထိသွားခဲ့ခြင်းဖြစ်ကြောင်း နည်းပြပိုချက်တီနို၏ ပြောကြားချက်အရ သိရသည်။ပိုချက်တီနိုက “မနက်ဖြန်(ဒါမှမဟုတ်) သန်ဘက်ခါမှာ ဓာတ်မှန်ရိုက်တဲ့အဖြေကို သိရမှာပါ၊ သူအရင် ဒဏ်ရာ ရရှိခဲ့တဲ့နေရာမှာပဲ ထပ်မံဒဏ်ရာ ရရှိသွားတာဖြစ်ပါတယ်၊ ကြီးမားတဲ့ ဖြစ်ရပ်ဖြစ်မသွားဖို့ဘဲ ကျွန်တော်မျှော်လင့်ပေမယ့် မနက်ဖြန်(သို့မဟုတ်) သန်ဘက်ခါအထိ စောင့်ရမှာပါ”ဟု ပြောကြားခဲ့သည်။

ကိန်း၏ ယခုလို ဒဏ်ရာရရှိမှုက စပါးအသင်းအတွက် အကျပ်ရိုက်စေခဲ့သလို ဟော်လန်၊ အီတလီတို့နှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည့် အင်္ဂလန်အသင်းလူစာရင်းကို ထုတ်ပြန်ကြေညာတော့မည့် အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကို ခေါင်းခဲစေမည့်ဖြစ်ရပ် ဖြစ်သည်။ အင်္ဂလန်သည် ဇွန် ၁၈ ရက်တွင် တူနီးရှားအသင်းနှင့် ကမ္ဘာ့ဖလားပွဲဦးထွက်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ် ယှဉ်ပြိုင်ရန် ၉၉ ရက်အလိုမှာပင် ကိန်း ဒဏ်ရာရရှိမှုက တိုက်ဆိုင်မှုပင် ဖြစ်သည်။

မေလှဲ့သင်း - ရေးသားသည်



# ခြိုးခြံချွေတာခြင်းသည်သာလျှင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ဂျာမနီတွင် စားသောက်ဆိုင်တစ်ခု၌ အစားအသောက်များ မှာပြီးနောက် ကုန်အောင်မစားမဘဲထားခဲ့သည့် ရွှေမြန်မာတချို့ကို တာဝန်ရှိသူများကဒဏ်ရိုက်ခဲ့သည် ဆိုသောသတင်းတစ်ပုဒ်ကို လူမှုကွန်ရက် စာမျက်နှာတွင် ဖတ်လိုက်ရသည်။

ထိုဖြစ်စဉ်လေးသည် ရိုးရိုးတွေးလျှင်မဆန်းသော်လည်း စေ့စေ့ တွေးကြည့်မည်ဆိုလျှင် နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါသည်။ မြန်မာနိုင်ငံသားများကို ထိုသို့ဖြုန်းတီးတတ်ကြသူများလားဟုအထင်လွဲခံရမည် ဖြစ်သည်။ အမှန်စင်စစ်မှာမူ တချို့သောလူ့မလိုင်များ သည်သာလျှင် ထိုအပြုအမူမျိုးကို လုပ်တတ်ကြသည်။ ထိုသို့လုပ်ရသည်ကိုပင်ဂုဏ်ယူနေလေ့ရှိကြသည်။ ဆိုရလျှင် ဖြုန်းတီးခြင်းဖြစ်သောကြောင့် ရှက်ဖွယ်ကောင်းသောလုပ်ရပ်ပင်ဖြစ်သည်။

**ဘဝအကျိုးပေးကောင်းသူများ**

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရေလျှံနေကြသူများရှိကြသည်။ မျိုးရိုးစဉ်ဆက်အမွေရ၍ ချမ်းသာနေသူများ၊ လုပ်ပိုင်ခွင့်ရ၍ချမ်းသာနေသူများ၊ လိမ်လည်၍ ချမ်းသာနေသူများ၊ ရာထူးကိုအသုံးချ၍ ချမ်းသာနေသူများ၊ လာဘ်စား၍ချမ်းသာနေသူများ ဟူ၍ခွဲခြားနိုင်မည် ထင်ပါသည်။ မြန်မာနိုင်ငံရှိတချို့သော သန်းကြွယ်သူဌေးများသည် လုပ်ပိုင်ခွင့်အာဏာ ရှိသူများနှင့်ပူးပေါင်း၍ ကြီးပွားလာကြသူများသာဖြစ်သည်။ ခြွင်းချက်အနေဖြင့် ငယ်စဉ်ကတည်းက ကိုယ်တိုင်ကြိုးပမ်းအားထုတ်ခဲ့သောကြောင့် အောင်မြင်ကြီးပွားချမ်းသာသည့်အရေအတွက်သည် နည်းပါးနေမည်ဟု ထင်ပါသည်။

**ဆင်းရဲချမ်းသာကွာခြား**

မြန်မာနိုင်ငံတွင် ကျေးလက်နှင့် မြို့ပြလူတန်းစားများ အကြားတွင် ဆင်းရဲချမ်းသာကွာဟမှုသည် လွန်စွာ မြင့်မားလျက်ရှိသည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် နေထိုင်လျက်ရှိကြသည့် တချို့သော လူတန်းစားများ သည် သိန်းပေါင်း သိန်းချီတန်သောအိမ်များကို ပိုင်ဆိုင်ထားကြသည်။ ထို့အပြင် တစ်မိသားစုလျှင် သိန်းထောင်ချီတန်သောကား သုံး၊ လေးစီးခန့်ပိုင်ဆိုင်ထားကြသည်။

သို့သော် ကျေးလက်ဒေသရှိ လက်လုပ်လက်စားများ သည် ဓနိမိုး၊ထရံကာတဲများတွင် ချို့တဲ့စွာနေထိုင်ကြရပြီး လမ်းလျှောက်နေရဆဲပင်ဖြစ်သည်။ လူ့မလိုင်များသည် နိုင်ငံခြားသို့ပညာသင်ထွက်နေသည့်အချိန်တွင် ကျေးလက်ဒေသများ၌ မူလတန်းပညာကိုပင် ဆုံးခန်းတိုင်အောင် သင်ယူခွင့်မရသည့်ကလေးများစွာရှိနေဆဲပင်ဖြစ်သည်။

လူ့မလိုင်များသည် ဟိုတယ်စာကို တစ်နေ့တစ်မျိုးမရိုးအောင် စားသောက်နေကြသည့်အချိန်တွင် ကျေးလက်နေပြည်သူများသည် ဆန်ကျိုးထမင်းနှင့် ငါးပိရည်ကိုသာစားသောက်နေကြရသည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် တဖြည်းဖြည်း ဟန်ချက်ပျက်လာပြီဖြစ်သည်။

**ဖြုန်းတီးကြသူများ**

ငွေရချောင်သည့်ဝန်ထမ်းများအပါအဝင်တချို့သော လူ့မလိုင်များသည် ပြည်ပသို့စျေးဝယ်ထွက်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဇိမ်ခံဟိုတယ်များတွင်တည်းခိုခြင်း၊ နိုက်ကလပ်များ၊ အနှိပ်ခန်းများသို့သွားခြင်း၊ အဆင့်မြင့်စားသောက်ဆိုင်များတွင် စားသောက်ခြင်းတို့ပြုလုပ်လေ့ရှိကြသည်။ တန်ဖိုးကြီးမားသော ဇိမ်ခံပစ္စည်းများ ဝယ်ယူကြသည်။ အစားအသောက်များကိုလည်းအလျှံပယ်မှာကြသည်။ သို့သော် တစ်ခါမျှ ကုန်အောင်မစားကြပေ။ တချို့သောသူများသည်အစားအသောက်များမှာပြီး ထိုကဲ့သို့ထားခဲ့ရသည်ကိုပင် ဂုဏ်ယူနေကြသည်။ ရှက်ဖွယ်လုပ်ရပ်များပင်ဖြစ်သည်။

**ကိုယ်တွေ့**

စာရေးသူပြည်ပတွင်တာဝန်ထမ်းဆောင်စဉ်က ရုံးပိတ်ရက်များတွင် တစ်ခါတစ်ရံ မိသားစုနှင့်အတူ အပြင်သို့ ထွက်စားဖြစ်ပါသည်။ နိုင်ငံခြားသားများ၊ အထူးသဖြင့် ဥရောပနိုင်ငံများမှခရီးသွားများသည် စားသောက်ဆိုင်ထိုင်ရာတွင် စည်းကမ်းရှိကြသည်။ အစားအသောက် ကို လိုသလောက်သာမှာယူကြသည်။ အစားအသောက် သုံးဆောင်ရာတွင်လည်း ကုန်စင်အောင် စားလေ့ရှိကြသည်။ အစားအသောက်များကို တစ်ခါမျှ မထားခဲ့ကြပေ။ သို့သော် တစ်ခါတစ်ရံ မြန်မာနိုင်ငံမှ လာသော ဧည့်သည်များကို ကုန်တိုက်များသို့ လိုက်ပို့ပေးရသည့် အချိန်မျိုးတွင် တချို့သော လူ့မလိုင်များသည် အစားအသောက်များကို ဒေါ်လာဖြင့်မှာရသော်လည်း ကုန်အောင် မစားဘဲ ထားခဲ့တတ်ကြသည်။ ခံယူချက်ကွာကြပါသည်။

ပြည်တွင်း၌လည်းအလားတူပင်ဖြစ်သည်။ တချို့သောသူများသည် စားသောက်ဆိုင်များတွင် တန်ဖိုးကြီးမားသောဟင်းလျာများကိုများစွာမှာပြီး ကုန်အောင်မစားဘဲ ထားခဲ့လေ့ရှိကြသည်။ စားသောက်ဆိုင်များသည် စားကြွင်းစားကျန်များကိုအမှိုက်ပုံးထဲသို့ စွန့်ပစ်လိုက်ကြသည်။ အမှန်စင်စစ်မှာမူ စား၍ကုန်နိုင်သလောက်သာ မှာသင့်ပါသည်။ လိုအပ်ပါကထပ်၍လည်းမှာနိုင်ပါသည်။ ဆိုရလျှင် ထိုသို့ အကျိုးမဲ့ဖြုန်းတီးနေသူများကြောင့် နိုင်ငံတော်၏အရင်းအမြစ်များစွာ ဆုံးရှုံးရခြင်းဖြစ်သည်။

စာရေးသူတို့ငယ်စဉ်က ထမင်းစားသောက်စဉ် ပန်းကန်အောက်သို့ ထမင်းလုံးဖိတ်စဉ်လျှင် မိဘများက ချက်ချင်း ကောက်ထည့်ခိုင်းသည်။ ဆန်တစ်စေ့ရရှိဖို့ မည်မျှရုန်းကန်ရကြောင်းကိုရှင်းပြသည်။ တချို့သော လူ့မလိုင်များကို "ထမင်းဘယ်ကရလဲမေးလျှင် ထမင်းအိုးထဲကရသည်"ဟု ဖြေလေ့ရှိကြသည်။

**နေရာတိုင်းတွင်ဖြုန်းတီးနေ**

မြန်မာတို့သည်အစားအသောက်တွင်သာမက နေရာတိုင်းတွင် ဖြုန်းတီးလျက်ရှိကြသည်။ ရုံး၊ ဌာနများတွင် စာရွက်၊ စာတမ်းများ၊ လျှပ်စစ်မီးများ၊ သောက်သုံးရေများကိုဖြုန်းတီးကြသည်။ အဆိုးရွားဆုံးမှာ အချိန်ဖြုန်းတီးခြင်းပင်ဖြစ်သည်။ တချို့သောသူများသည် လက်ဖက်ရည်ဆိုင်ထိုင်၊ ဘောလုံးပွဲလောင်းပြီး အချိန်ဖြုန်းကြသည်။ တချို့သောသူများသည် ပန်းခြံများ၊ ရုပ်ရှင်ရုံများတွင် အချိန်ဖြုန်းကြသည်။ တချို့သောသူများသည် ဖုန်းပွတ်ရင်း အချိန်ဖြုန်းကြသည်။ ဆိုရလျှင် ဆုတ်ယုတ်ခြင်းဆီသို့သွားနေကြခြင်းဖြစ်သည်။

**ခြိုးခြံချွေတာမှသာလျှင်**

ယခုဆိုလျှင် နိုင်ငံတစ်ဝန်းတွင် အခြေခံစားကုန်များ တရိပ်ရိပ်မြင့်တက်နေပြီဖြစ်သည်။ ထို့ကြောင့်လူတစ်ဦးချင်းအနေဖြင့် မလိုအပ်ဘဲသုံးဖြုန်းခြင်းကို ရှောင်ကြဉ်သင့် နေပြီဖြစ်သည်။ အထူးသဖြင့် ငွေကိုရေလိုသုံးနိုင်သော လူ့မလိုင်များအနေဖြင့် တိုင်းပြည်အရင်းအမြစ်များကိုဖြုန်းတီးသည့်အပြုအမူများကိုရှောင်ကြဉ်သင့်ပြီဖြစ်သည်။ အသုံးနှင့်အဖြုန်းကိုခွဲခြားတတ်ဖို့လိုနေပြီဖြစ်သည်။ ဆိုရလျှင် ခြိုးခြံချွေတာရေးမှုကိုကျင့်သုံးနိုင်မှသာလျှင် တန်ကာကျပေတော့မည်ဖြစ်သည်။

တချို့သောသူများသည် ကိုယ်ရှာထားသည့်ငွေကို ကိုယ့်ဘာသာသုံးသည်။ ဘာဖြစ်သလဲဟုမေးကြမည်ထင်ပါသည်။ ထိုသို့ယူဆလျှင်လွဲပါသည်။ လိုအပ်သလောက်သာဝယ်ယူခြင်း၊ သုံးစွဲခြင်းသည်သာလျှင် နိုင်ငံကြီးသားပီသမည်ဖြစ်သည်။ နိုင်ငံသားအားလုံးအနေဖြင့် တိုင်းပြည်အရင်းအမြစ်များကို ခြိုးခြံချွေတာသုံးစွဲသွားနိုင်ကြပါစေ။ ။

> စာရေးသူတို့ငယ်စဉ်က ထမင်းစားသောက်စဉ် ပန်းကန်အောက်သို့ ထမင်းလုံးဖိတ်စဉ်လျှင် မိဘများက ချက်ချင်း ကောက်ထည့်ခိုင်းသည်။ ဆန်တစ်စေ့ရရှိဖို့ မည်မျှရုန်းကန်ရကြောင်းကိုရှင်းပြသည်

## ဒီးမော့ဆိုမြို့နယ်တွင် နွေစပါး ၃၄၅၈ ဧကစိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်

**ဒီးမော့ဆို မတ် ၁၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်စု ၁၃ အုပ်စုတွင် နွေစပါး ၃၄၅၈ ဧက စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်တွင် မိုးစပါး ၂၉၄၆၁ ဧက၊ နွေစပါး ၃၂၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါး ၃၄၅၈ ဧက စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကာ ယခင်နှစ် နွေစပါးထက် ဧက ၂၀၀ ပိုမိုစိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



နွေစပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ ကျေးရွာအလိုက် တောင်သူများနှင့် တွေ့ဆုံ၍ နည်းပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးစိန်ထံမှ သိရသည်။ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် အတွက် တောင်သူများကလည်း ပျိုးပင်များ စနစ်တကျပျိုးထောင်ထားရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယဉ်ကျေးလိမ္မာသင်တန်းရှိကလေးများအားလှူဒါန်း

**ပဲခူး မတ် ၁၂**

ပဲခူးမြို့ ဥဿာမြို့သစ် ၅/၁၉(A)(၃)လမ်းရှိ ပညာဇေယျာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေး လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပြန်ကြားရေးမှူးမျိုးကြီး(ဥဿာ)နှင့်အဖွဲ့ဝင်များက မတ် ၁၁ ရက် နံနက် ၁၁ နာရီက ကလေးအရွယ်ဝတ် အမျိုးမျိုး အဝတ်အထည် ၁၁ အိတ်၊ ကျောင်းသုံးဖတ်စာအုပ် နှစ်အိတ်၊ ဗလာစာအုပ် တစ်အိတ်၊ ကျောင်းသုံးခဲတံ၊ ဘောလ်ပင်၊ စာရေးကိရိယာ မျိုးစုံအား ပဓာနနာယကဘဒ္ဒန္တပညာနန္ဒာဘိဝံသဆရာတော်ထံလှူဒါန်းခဲ့ကြ သည်။

**၅၈၇**

## ကျေးရွာများသို့သောက်ရေသန့်များလှူဒါန်း

**ကော့သောင်း မတ် ၁၂**

သောက်သုံးရေ အခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ မတ် ၁၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ်ရှိ လူငယ်များ သောက်သုံးရေလိုက်လံဖြန့်ဝေ လှူဒါန်းခဲ့ကြကြောင်းသိရသည်။

ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ ဝဲငယ်ကျေးရွာနှင့် ရွာသာယာကျေးရွာနေ ပြည်သူများ သောက်သုံးရေရှား ပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ကော့သောင်းမြို့နယ် လူငယ်များ စုပေါင်းကာ သောက်ရေပြတ်လပ်လျက်ရှိသည့် အဆိုပါ ကျေးရွာသုံးရွာရှိ အိမ်ခြေ ၇၆ အိမ်မှ ပြည်သူများသို့ သောက်ရေသန့် လီတာ ၅၀၀၀ အားလိုက်လံဝေငှပေးအပ် လှူဒါန်းကြခြင်းဖြစ်ပြီး ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ P&G သောက်ရေသန့်ဆေးထုပ် ၂၈၀၀ ထုပ်အား ဖြည့်ဆည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်တရားသူကြီးစစ်ဆေး

**တာချီလိတ် မတ် ၁၂**
ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်သည် တာချီလိတ်ခရိုင် တရားသူကြီး ဦးဝင်းအောင်လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများကို စစ်ဆေးလျက်ရှိရာ မတ် ၁၁ ရက်က မိုင်းဖြတ်မြို့မ ရဲစခန်းအချုပ်ခန်းနှင့် မိုင်းယောင်း မြို့မရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းသား၊ အချုပ်သားများနှင့်တွေ့ဆုံကာ နေရာထိုင်ခင်း သက်သာချောင်ချိမှုနှင့် သန့်ရှင်းမှုရှိ၊ မရှိ၊ စားသောက်ရာတွင် သင့်တင့် မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသရန် အခွင့်အရေး ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးကာ ဥပဒေအရ ရသင့်ရထိုက်သည်များ ရရှိရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာ တရားသူကြီးများက ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ရဲစခန်းမှူးများက ဆောင်ရွက်ပေးကြရန် မှာကြားသည်။

အလားတူ အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများ စစ်ဆေးခြင်းကို မတ် ၇ ရက်က မိုင်းဆတ်အကျဉ်းထောင်နှင့် မိုင်းဆတ်မြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ မတ် ၈ ရက်က မိုင်းတုံမြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ မတ် ၉ ရက်က တာချီလိတ်မြို့မရဲစခန်းအချုပ်ခန်းနှင့် ဝမ်ပုံနယ်မြေရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ မတ် ၁၀ ရက်က ကျိုင်းလပ်နယ်မြေရဲစခန်းအချုပ်ခန်း၊ မိုင်းပါလျှိုးနယ်မြေ ရဲစခန်းအချုပ်ခန်း၊ မိုင်းလင်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် တာလေနယ်မြေရဲစခန်းအချုပ်ခန်းတို့ကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဒေသတွင်းမုံ့ရွာကြံများပို့သလောက်ရောင်းအားကောင်း

**မုံ့ရွာ မတ် ၁၂**
သကြၤန်မတိုင်ခင် ရောင်းအားအကောင်းဆုံးဖြစ်သော မုံ့ရွာကြံရောင်းသူများအနေဖြင့် နယ်ဝေးကြံများ လက်လှမ်းမမီသောကြောင့် ဒေသတွင်းမှ ထွက်သောကြံများကိုသာသုံးနေရပြီး ပို့သလောက် ရောင်းကုန်နေကြောင်း ကြံလက်ကားရောင်းသူတစ်ဦးထံက သိရသည်။

"ကောင်းတာက ရေဦးကထွက်တဲ့ကြံကအရည်ရွှမ်းပြီး အချိုကဲတာပါ။ ဒါပေမယ့် ရေဦးကြံတွေက သကြားစက်ရုံကို ဒိုင်ခံသွင်းနေကြတော့ ပြည်သူတွေဈေးကွက်ထဲ မရောက်ပါဘူး။ ရေဦးကြံဈေးနဲ့ မုံ့ရွာကြံဈေးက တူပေမယ့် သယ်ယူစရိတ်ကျတော့ ထက်ဝက်ကွာတဲ့အတွက် မုံ့ရွာကြံ အသုံးများလာတာပါ။ ကြံ၁၀ချောင်းစည်းပါတဲ့ တစ်စီးကို လုံးပတ်အရည်အသွေးပေါ်မူတည်ပြီး တစ်စည်းကိုကျပ် ၁၂၀၀ ကနေ ၄၀၀၀ ကြားရောင်းရပါတယ်"ဟု ကြံလက်ကားရောင်းသူက ပြောသည်။

မုံ့ရွာမြို့သည် အပူပိုင်းဒေသတွင်ရှိသည့်အတွက် နှစ်စဉ် ကြံရည်အရောင်းတက်လေ့ရှိရာ ပြီးခဲ့သည့်နှစ်က ကြံရောင်းအားကောင်းခြင်းနှင့်အတူ ကြံဈေးနှုန်းတက်ခဲ့သော်လည်း ယခုလက်ရှိတွင် ရာသီဥတုဒဏ်ကြောင့် ကြံအပျက်အစီးရှိခြင်းနှင့်အတူ ပိုးပါခြင်းများရှိနေသည့်အတွက် ကြံအထွက် လျော့ခြင်းနှင့်အတူ ရောင်းဈေးနှုန်းမှာလည်း ကျဆင်းနေကြောင်း သိရသည်။

"မုံ့ရွာမှာက ကြံရောင်းတဲ့ဆိုင်က ငါးဆိုင်လောက်ပဲရှိပေမယ့် ကြံရည်ရောင်းတဲ့ဆိုင်က ဆိုင် ၁၀၀ များကျော်မလားမသိဘူး။ သင်္ကြန်မတိုင်ခင်ကစပြီး တစ်လလောက်ရောင်းအားက ကောင်းမှာသေချာတော့၊ မုံ့ရွာကြံအထွက်က လိုက်မီပါ့မလား စိုးရိမ်တယ်။ ရေဦး ကြံမှာရတယ်ထားဦး မုံ့ရွာကြံ ၂၅ စည်းပါတဲ့ လှည်းတစ်စီးခက ကျပ် ၄၀၀၀ ပဲကျပြီး ရေဦးကြံ ၂၅ စည်းပါတဲ့ လှည်းက ကျပ် ၈၀၀၀ လောက်ပေးရတာဆိုတော့မှာဖို့ခက်တယ်" ဟုကြံရောင်းသူက လက်ရှိအခြေအနေကို ပြောပြသည်။

မုံ့ရွာမြို့အနီး ဘူးတောင်းကန်ကျေးရွာတွင် ထိုင်ဝမ်ကြံမျိုးနှင့် ၇၄၇ ကြံမျိုးကို စိုက်ပျိုးကာ မုံ့ရွာဈေးကွက်သို့ ပို့ဆောင်လျက်ရှိရာ လက်ရှိတွင် ၇၄၇ ကြံက ပိုမိုအရောင်းသွက်နေကြောင်း သိရသည်။

"မုံ့ရွာမှာ အရင်က ပျဉ်းမနားဘက်ကလာတဲ့ ကြံကို အရည်ညှစ်ထားတဲ့ ကြံရည်က တော်တော်ကောင်းပါတယ်။ သောက်လိုက်ရင်အချိုကဲပြီး ပါးစပ်မှာ ကြံရည်မြှုပ်တွေ ပေကျံခဲ့တာကိုက အရသာပေါ့။ အခုကြံရည်တွေကတော့ အချိုကလည်းပေါ့၊ အမြှုပ်လည်းမထတော့ သောက်သာ သောက်နေရတယ်။ အရင်ကလောက် မကြိုက်ဘူး"ဟု ကြံရည်ကြိုက်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံ့ရွာ)**





# မန္တလေးတက္ကသိုလ် သင်္ကြန်အကြိုပွဲ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး မတ် ၁၂**
မန္တလေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဦးဆောင်ကျင်းပသည့်မန္တလေးတက္ကသိုလ်သင်္ကြန်အကြိုပွဲတော်ကို မတ် ၁၁ ရက် နံနက် ၈ နာရီမှစတင်၍ မန္တလေးတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒေါက်တာမဥ္စူမင်း၊ မန္တလေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ မန္တလေးမြို့ပတ်ဝန်းကျင်ရှိတက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများအေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ပွဲတော်တွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသီတာဝင်းနှင့် ဒုတိယပါမောက္ခချုပ်များက သင်္ကြန်အကြိုပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပါမောက္ခချုပ်ကနှစ်သစ်အကြိုအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တမာနန်းအဖွဲ့သားများက "တမာနန်းက မန္တလေးတက္ကသိုလ်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းတွင်းသင်္ကြန်ပွဲတော်ကို စတင်ဖွင့်လှစ်သည်။

သင်္ကြန်အကြိုပွဲတော်တွင် ကျောင်းသား ကျောင်းသူများသည် တစ်ဦးနှင့်တစ်ဦးရေများ၊ ရေမြှုပ်များဖြင့်ပက်ဖျန်းခြင်း၊ သီဆိုကခုန်ခြင်းတို့ဖြင့်ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ သင်္ကြန်ပွဲတွင်ဧည့်သည်တော်နန်းဆုရတီစိုး၊ G-fattတို့ကလည်း မန္တလေးတက္ကသိုလ်သင်္ကြန်ပွဲသို့ လာရောက်သီဆိုဖျော်ဖြေပေးကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အသိပညာပေး ပြဇာတ်တင်ဆက်

**ချမ်းမြသာစည် မတ် ၁၂**
အမျိုးသမီး ကလေးများလုံခြုံရေး ပိုမိုမြှင့်တင်ဆောင်ရွက်ပေး အသိပညာပေးပြဇာတ်ဖျော်ဖြေတင်ဆက်ပွဲကို မတ် ၁၁ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးအနောက်ခြမ်း အကွက် ၄၆၅ သာယာရွှေကူဘုရားကုန်းပေါ်တွင် ကျင်းပသည်။

FLAG Youth Organizationမှ ဒါရိုက်တာ ကိုအောင်သူရက အသိပညာပေးဖျော်ဖြေတင်ဆက်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ကြည်ကြည်အောင်က အမျိုးသမီးကလေးငယ်များလုံခြုံရေးပိုမိုမြှင့်တင်ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့်ပညာပေးဟောပြောသည်။

အမျိုးသမီးငယ်များ ဘဝလုံခြုံရေးမြှင့်တင်ဆောင်ရွက်ပေးရန်အသိပညာပေးပြဇာတ်တင်ဆက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည့်သူ(မန္တလေး)**



# အားကစားနှင့်ကာယပညာဦးစီးဌာနမှ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၂**
အားကစားနှင့် ကာယပညာဦးစီးဌာနမှ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ကျင်းပသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးက ယခုအလယ်အလတ်အဆင့် Pre- Intermediate အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် သင်တန်းသား သင်တန်းသူများကို Intermediate Level နှင့် Advance Level သင်တန်းများကို ဆက်လက်သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဘာသာစကားကျွမ်းကျင်မှုရှိမှသာ ပြောဆိုဆက်ဆံရာတွင် အဆင်ပြေ ချောမွေ့စေမှာဖြစ်ကြောင်း၊ ယခုတက်ရောက်သော သင်တန်းသား သင်တန်းသူများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ပြီး အကျိုးရှိရှိပြန်လည်အသုံးချရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ Pre- Intermediate အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃ ဦး တက်ရောက်သင်ကြားပြီး မတ် ၁၂ ရက်မှ ၁၉ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပေးအပ်

**ကန်ပက်လက် မတ် ၁၂**
ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ထပ်တိုးမြစိမ်းရောင်ကျေးရွာခုနစ်ရွာ၊ ယူနစ်နှစ်ခုအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ကျေးရွာကော်မတီများထံ ပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက်တွင် အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရွှေ၊ မြို့နယ်ဦးစီးမှူး ဦးထန်းအွမ်၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေကြီး (ကန်ပက်လက်)**



## အခြေခံပန်းချီပညာ(ခဲ၊ ရောင်စုံဖယောင်း၊ ရေဆေး)သင်တန်း မကွေးမြို့၌ အခမဲ့သင်ကြားပေးမည်

**မကွေး မတ် ၁၂**

အသက် ၁၀ နှစ်ပြည့်ပြီးအရွယ်မှစ၍ လူငယ်၊လူကြီးမရွေး တက်ရောက်သင်ကြားနိုင်မည့် အခြေခံပန်းချီပညာ (ခဲ၊ရောင်စုံဖယောင်း၊ရေဆေး)သင်တန်းကို မကွေးမြို့၊ ပြည်တော်သာလမ်းပေါ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၁၉ ရက်မှ ဧပြီ ၇ ရက်အထိ အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး Magway Book Club မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်တန်းအတွက် လိုအပ်သောစာရွက်နှင့် သင်တန်းဆရာများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Magway Book Clubတို့မှ စီစဉ်ပေးမည်ဖြစ်ပြီး ပန်းချီဆေးများကို သင်ကြားသူများဘက်မှ ဝယ်ယူကျခံရမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ကန့်သတ်ထားခြင်းမရှိဘဲ သင်တန်းကာလရက် ၂၀ အတွင်း နံနက် ၈နာရီ မှ ၁၁ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း Book Club အတွင်းရေးမှူး ဦးကိုကိုနိုင်က ပြောသည်။

"ပန်းချီအနုပညာကို သင်ကြားတဲ့သူတွေဟာ ထူးချွန်ရင်ထူးချွန်သလောက် စိတ်ထားလေးတွေက ပြောင်းသွားတယ်၊ နူးညံ့သွားတယ်၊ ပန်းချီပညာရှင်တွေကို ကြည့်လိုက်ရင် ဆိုးသွမ်းနေတာမျိုးကို မတွေ့ရဘူး၊ စိတ်ကိုပြုပြင်ပေးတဲ့နေရာမှာ ပန်းချီပညာကလည်း တစ်တပ်တစ်အားဖြစ်စေပါတယ်၊ ဒါကြောင့် ပန်းချီသင်တန်းဖွင့်ဖို့ လုပ်ရတာပါ၊ ဒီနေ့ခေတ် ကလေးငယ်တွေ အနုပညာစွမ်းအားမနည်းစေဖို့လည်း ရည်ရွယ်ပါတယ်" ဟု Magway Book Club ဥက္ကဋ္ဌ (ပညာရေး ညွှန်ကြားရေးမှူး-ငြိမ်း) ဆရာကြီးဦးလှအောင်က ဆိုသည်။

မကွေးမြို့၏ အရှေ့ဘက်အစွန်၊ မကွေး-တောင်တွင်းလမ်းမကြီးပေါ်ရှိ ပညာပါရမီစာကြည့်တိုက် (မကွေးဒေသဖွံ့ဖြိုးတိုးတက်ရေးစင်တာ)တွင် ပန်းချီအခြေခံပညာသင်တန်း နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး မကွေးမြို့တွင်း၌ သွားလာရေးလွယ်ကူစွာဖြင့် တက်ရောက်သင်ကြားနိုင်ရန် Magway Book Club မှ ပထမဆုံးအကြိမ် စီစဉ်ပေးခြင်းဖြစ်ကြောင်း ပန်းချီဆရာသူရိန်မြိုင်က ပြောသည်။

ဝါသနာအရ သင်တန်းတက်လိုလျှင် (သို့) သင်တန်းသားများအတွက်လိုအပ်သော ပန်းချီဆေးများ လှူဒါန်းလိုလျှင် ပန်းချီဆရာသူရိန်မြိုင် ဖုန်း-၀၉-၉၆၀၆၇၉၀၉၂၊ ဆရာမြင့်ဇော်ဦး ဖုန်း-၀၉-၄၄၄၀၁၂၀၇၂၊ Book Club အတွင်းရေးမှူး ဦးကိုကိုနိုင် ဖုန်း-၀၉-၇၉၈၉၆၃၉၆၇တို့ထံ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

## အသံဆူညံဆိုင်ကယ်အိတ်ဇောများကြောင့် ပြည်သူများစိတ်အနှောင့်အယှက်ဖြစ်

**မယ်စဲ့ မတ် ၁၂**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် အများပြည်သူများကို စိတ်အနှောင့်အယှက်ဖြစ်စေသော အသံထိန်းကိရိယာမပါသည့်အသံဆူညံဆိုင်ကယ်အိတ်ဇောများ တပ်ဆင်မောင်းနှင်မှုကြောင့် ရပ်ကွက်နေပြည်သူများစိတ်အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်းသိရသည်။

မယ်စဲ့မြို့နယ်သည် ထိုင်းနိုင်ငံနှင့်နယ်စပ်မြို့ဖြစ်ပြီး ရုံးဌာနအသီးသီးမှလည်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အတွက် ရွှေ့ပြောင်းအလုပ်သမားများ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိရာ အဆိုပါ အလုပ်သမားများမှ အသံထိန်းကိရိယာမပါသည့် အသံဆူညံဆိုင်ကယ်အိတ်ဇောများဖြင့် မြို့တွင်း လမ်းတစ်လျှောက်အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ ညအချိန်များတွင် အသံဆူညံစွာ မောင်းနှင်ခြင်းတို့ကြောင့် အများပြည်သူများအထိတ်တလန့်နှင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်စေသော အသံဆူညံဆိုင်ကယ်များကို စိစစ်အရေးယူသင့်ကြောင်း မြို့နေဒေသခံတစ်ဦးကပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## ကရင်ပြည်နယ်၌ ၂၀၁၇ ခုနှစ်က မီးလောင်မှု ၄၆ ကြိမ်ဖြစ်ပွားပြီး သိန်း ၇၀၀ ကျော် တန်ဖိုးဆုံးရှုံးခဲ့

**ဘားအံ မတ် ၁၂**

ကရင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ်က မီးလောင်မှု ၄၆ ကြိမ်၊ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၁၆၈၀၀၀၀ ခန့်ဆုံးရှုံးမှုရှိခဲ့သည့်အတွက် ယခုနှစ်တွင် မီးလောင်မှုများ မရှိစေရေး ကျေးရွာ၊ ရပ်ကွက်၊ ဈေး၊ ကျောင်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၊ ဌာနဆိုင်ရာများကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ မတ် ၉ ရက်က ပြုလုပ်ခဲ့သည်။

"ကရင်ပြည်နယ်မှာ ၂၀၁၇ ခုနှစ်က မီးဖိုမီးပေါ့ဆမီး အကြိမ် ၃၀၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ၁၄ ကြိမ်၊ ရှို့မီး တစ်ကြိမ် စုစုပေါင်း မီးလောင်မှုပေါင်း ၄၆ ကြိမ်ရှိခဲ့တဲ့အတွက် ခုလို ဌာနဆိုင်ရာတွေကို ပညာပေးခြင်းတွေ ဆောင်ရွက်ရတာဖြစ်ပါတယ်"ဟု ဘားအံခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ပြောသည်။

ပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူး ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် ဘားအံခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့က မီးသတ်တပ်ဖွဲ့မှုဝါဒ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် နွေရာသီကာလရောက်လာသည်နှင့်အမျှ မီးသုံးစွဲမှုဂရုစိုက်ရေး၊ ကြိုတင်ကာကွယ်ထားသင့်သည့် အချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအား မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်လျှင်မီးငြိမ်းသတ်ရမည့် နည်းလမ်းများ၊ မီးလောင်ရာသို့ ရေမြှုပ်အင်းပက်ဂမ်းဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ပိုင်းဖြင့် ဖုံးအုပ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို လက်တွေ့ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ဌာနဆိုင်ရာဘာသာရပ်နှင့် အခြေခံစစ်ရေးပြသင်တန်းဖွင့်

**မြစ်ကြီးနား မတ် ၁၂**

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဌာနဆိုင်ရာ ဘာသာရပ်နှင့် အခြေခံစစ်ရေးပြသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉နာရီက အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က အမှာစကားပြောကြားသည်။

သင်တန်းမှူး ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက သင်တန်းတွင် သင်ကြားပေးသွားမည့် ဘာသာရပ်များနှင့် သင်တန်း စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အမျိုးသား မှတ်ပုံတင်ခြင်းဆိုင်ရာ ဘာသာရပ်၊ နိုင်ငံခြားသား မှတ်ပုံတင်ခြင်းဆိုင်ရာ ဘာသာရပ်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဘာသာရပ်၊ စီမံဘာသာရပ်၊ နိုင်ငံသားလုပ်ငန်းဆိုင်ရာ ဘာသာရပ်နှင့် ငွေစာရင်းဘာသာရပ်တို့အား စာတွေ့ လေ့ကျင့်သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းကို မတ် ၁၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၇၆ ဦး တက်ရောက်သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ညွှန်ကြားရေးမှူး ဦးဆန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## မသန်စွမ်းသူများပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းနှင့် ရပ်ရွာအတွင်းမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဆိုင်ရာ UNCRPD သင်တန်းဖွင့်လှစ်

**ဘားအံ မတ် ၁၂**

မသန်စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်၊ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ဥပဒေနှင့်အညီဆောင်ရွက်ပေးနိုင်ရန်အတွက် သိသင့်သိထိုက်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မျှဝေပေးနိုင်ရန် ကရင်ပြည်နယ် ဘားအံမြို့တွင် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းနှင့် ရပ်ရွာအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဆိုင်ရာ UNCRPD သင်တန်းကို မတ် ၁၂ ရက် နံနက် ၉ နာရီက တော်ဝင်ရတနာဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူးဦးဇော်မင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ Humanitirian Mine Action မှ Coordinator Ms,Donna O'Rengan က Huminity & inclusion ၏ လုပ်ဆောင်ချက်များအား ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ သန်းတွင် မသန်စွမ်းသူစုစုပေါင်း လူဦးရေ ၂ ဒသမ ၃ သန်းခန့် ( ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၆ ရာခိုင်နှုန်း)သည် မသန်စွမ်းမှုအမျိုးမျိုးကို ခံစားနေကြရကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာန၌ နိုင်ငံကူးလက်မှတ်ထုတ်ယူသူများဖြင့် စည်ကား

**ဗဟန်း မတ် ၁၂**

ဗဟန်းမြို့နယ် စက်မှု (၁) လမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးရှေ့၌ မတ် ၁၂ ရက် နံနက် ၈ နာရီ ၃၀ မိနစ်ခန့်က နိုင်ငံအသီးသီးသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ကြမည့် နိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူများနှင့် နိုင်ငံကူးလက်မှတ်လာရောက်ထုတ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရှိရသည်။

"ကျွန်တော်က တောင်ကိုရီးယားနိုင်ငံမှာ အလုပ်သွားရောက်လုပ်ကိုင်မယ့်သူဖြစ်ပါတယ်၊ နိုင်ငံကူးလက်မှတ်ဒီနေ့ရမယ်ဆိုလို့လာထုတ်တာပါ၊ မနက် ၆နာရီကတည်းက စတင်တန်းစီထားတာပါ၊ ဒီနေ့လူတော်တော်များပါတယ်၊ တန်းစီတဲ့သူ လူ ၁၀၀၀ ခန့်ရှိမယ်လို့ထင်ပါတယ်၊ အရင်က မှတ်ပုံတင် သန်းခေါင်စာရင်းတစ်ခါပြရင်ပြီးပါတယ်၊ အခုကနှစ်ခါပြရပြီး စစ်ဆေးတာ ကြာပါတယ်၊ ရုံးဧရိယာကကျဉ်းတော့ ရုံးထဲဝင်တဲ့သူနဲ့ထွက်တဲ့သူကနည်းပြီး ရုံးထဲမှာပြည့်လျှံနေတဲ့အတွက် နိုင်ငံကူးလက်မှတ်ဆောင်ရွက်ရာမှာ အဆင်မပြေပါဘူး"ဟုဦးဇော်ဇော်အောင်က ပြောသည်။




နိုင်ငံကူးလက်မှတ်ဆောင်ရွက်ကြရာတွင် ရပ်ဝေးမှလာရောက်ဆောင်ရွက်ကြသူများပြားပြီး အစစအရာရာအဆင်ပြေစေရေး ONE STOP SERVICE ဖြင့် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရေး လိုလားလျက်ရှိကြသည်။

**၁၉၇**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**သထုံ မတ် ၁၂**

သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်ဖြစ်စဉ်များနှင့် အခြားထိခိုက်မှုဖြစ်စဉ်များတွင် အရေးပေါ်အသက်ကယ်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ရှေးဦးသူနာပြုစုခြင်းကို အခြေခံကျကျတတ်မြောက်ထားသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို စိတ်ပါဝင်စားသော မျိုးဆက်သစ်လူငယ်များစွာပေါ်ထွန်းလာရန် လိုအပ်ကြောင်း သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက မတ် ၁၂ ရက် နံနက်က မွန်ပြည်နယ် သထုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ပြုလုပ်သည့် အခြေခံရှေးဦးပြုစုခြင်း သင်တန်း(၁/၂၀၁၈) ဖွင့်ပွဲ အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁၂ ရက်မှ စတင်ကာ လေးရက်ကြာ ဖွင့်လှစ်ပြီး သထုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ နည်းပြများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၆၆ ဦးတို့အား အခြေခံရှေးဦးပြုစုခြင်း နည်းလမ်းများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သေခြင်းကို ထွေခင်းကစားမယ်

မောင်မောင်(ယထ)

ကျွန်တော်တို့ "နေဖို့ချည်း"စဉ်းစားနေ၏။ ဘယ်လိုနေရင်းနဲ့ အသက်ကိုဆွဲဆန့်မယ်၊ အသက်ရှည် ကျန်းမာနေမှ လူ့ဘဝမှာနေရကျိုးနပ်မယ်နဲ့။ ဘယ်လိုနေထိုင်စားသောက် စိတ်ထားရမည်။ ဤသည်တို့ကို တစိုက်မတ်မတ်စဉ်းစားလာကြ၏။ စဉ်းစားနေကြ၏။ အကောင်အထည်ဖော်ကြ၏။

ခု ကျွန်တော် မလွဲမသွေကြုံတွေ့ရမည့် သေခြင်းတရားအပေါ် စဉ်းစားလာပြီ။ စဉ်းစားနေပြီ။ စဉ်းစားဦးမည်။ စဉ်းစားမိသမျှ မေတ္တာလက်ဆောင် ဖြန့်ဝေအပ်ပါ၏။

မြတ်ဘုရားကလည်း မရဏာနုဿတိဘာဝနာကို ထပ်ကာထပ်ကာ ပွားများအားထုတ်ရန် ဟောကြားခဲ့၏။ သို့ဖြင့် သေရဲသည့်စိတ်ခွန်အားများ တိုးပွားလာ၏။ သေခြင်းနှင့် သူစိမ်းမဆန်တော့ပါ။

သေခြင်းများနှင့်စပ်လျဉ်း၍ ကိုယ်နှင့်ပတ်သက်ချစ်ခင်တွယ်တာရသူ ဘဝအဆုံးသတ်လျှင် ဝမ်းနည်းပူဆွေးမည်။ သူ့ကို နှမြောမိသလိုခံစားရ၏။ သူနှင့်အတူနေရသည်ကို မတင်းတိမ်သေးသလို ခံစားရ၏။ ဤသည်မှာ သဘာဝဖြစ်၏။ သားကြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးစဉ်က ကျွန်တော် မပြည့်ဝ မရင့်ကျက်သေး၊ ပူဆွေးမှုဒဏ်ကို ကြာရှည်ခံစားခဲ့ရ၏။ ကျွန်တော်သိပ်ချစ်ရသည့်မိခင် သူ့ဘဝကို ကျောပေး ထွက်ခွာသွားစဉ်ကလည်း ပူဆွေးရပြီလား။ ကိုယ့်ကို ၂၄ နာရီလုံးလုံး ချစ်ခင်နေသူတစ်ဦးကို ဆုံးရှုံးလိုက်ရသည်ပဲ။ ပူဆွေးသောကရောက်ရပြီပေါ့။ ကျွန်တော် အသက်ကလေးထောက်လာလို့ အတော်အတန် ပြည့်ဝလာခဲ့ပြီ။ သည်တော့ သားကြီးတုန်းကကဲ့သို့ အလွန်အကျွံပူဆွေးမှု မဖြစ်တော့ပါ။ ကြာရှည်ပူဆွေး နေထိုင်နေသင့်သလား စဉ်းစားမိ၏။

တကယ်တော့ ကျွန်တော်တို့သည် "သေခြင်းတရား" ကို သိပ်နားမလည်ကြသေးပါ။ ကျွန်တော်တို့ သိနေ၊ ယူဆနေတာက ဘာလဲဆိုတော့ "သူဟာ သနားစရာပဲ" ဟူ၍ဖြစ်၏။ "သေခြင်း"သည် "သေရသူ"အတွက် သနားစရာကောင်းသည်ဟု ယူဆနေကြ၏။

ရှေးဗမာများက "ခေါမ"ဟုခေါ်သည့် "ဂရိလူမျိုး" များက၊ "နတ်ဖုရားချစ်တဲ့သူတွေဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ သေကြရတယ်"ဟု ဆိုကြ၏။ ဤအချက်ကို ထောက်ချင့်လျှင် သူတို့က "သေခြင်း"ကို "ဆိုးရွားသည့်ကိစ္စ"ဟု မထင်ကြပါ။ သေပြီးရင် "နတ်ဖုရား" ထံရောက်သည် (ဝါ) "ကောင်းစားသွားသည်" ဟု ယူဆနေကြ၏။

သင် "နာတာရှည်ဝေဒနာသည်" "မျှော်လင့်ချက်ကုန်ဆုံးနေသည့်ဝေဒနာသည်" များကိုကြည့်ပါ။ "နာလန်ပြန်ထ,မလာနိုင်တော့ဘူးလို့ သူ့ကိုယ်သူသိသည့်အခါ"မှာ။

"လူနာသည် သေခြင်းတရားကိုကြိုဆို" တော့သည်သာဖြစ်၏။

အဆိုပါအချိန်တွင် သူတို့သည် "သေခြင်းသည် အသက်ရှင်နေရခြင်းထက် ပို၍ကောင်းတယ်"ဟူ၍ ယူဆကြမှာအမှန်ပါ။ "ဝေဒနာကို မခံရပ်နိုင်အောင်ဖြစ်လာပြီဆိုတော့ သေခြင်းတရားက "သည်ဝေဒနာဆိုးကြီး"ကို မခံစားရတော့အောင် ပြုလုပ်ပေးသကဲ့သို့ဖြစ်နေတော့၏။

ကျွန်တော်သည် "သားကြီး" "ဘဝအဆုံးသတ်" သည်ကို သူ့အနားမှာနေ၍ ကြည့်နေခဲ့ဖူး၏။ ဇနီးဆုံးသည်ကိုလည်း သူ့အနားက ကြည့်နေခဲ့ဖူး၏။ သူတို့နှစ်ဦးစလုံးသည် မသေမီ "ဝေဒနာပြင်းထန်စွာခံစား"ကြရ၏။ ဇနီးဖြစ်သူမှာ ဆီးချိုရောဂါဆိုးကြောင့် အနာပေါက်ကာ ဒူးအောက်တစ်ကြိမ် ဖြတ်တောက်၊ ဒူးအထက်တစ်ကြိမ် ပေါင်းနှစ်ကြိမ်ဖြတ်တောက်ခံထားရ၍ ဝေဒနာ ပို၍ပို၍ ပြင်းထန်ပါ၏။

အမှန်မှာ "သေခြင်းတရား"သည် သူတို့၏ခံစားမှုများမှ သက်သာပျောက်ကင်းသွားအောင် လုပ်လိုက်သကဲ့သို့ဖြစ်ပါ၏။

သူတို့ဘဝတစ်ပါးသို့ အပြီးအပိုင်ထွက်ခွာသွားကြ၍

> နောက်ဆုံးလမ်း ဖြောင့်တန်းအောင်ဆိုခဲ့ပါက ကျန်ရစ်သူများ၏ ခံစားမှုဖြစ်စဉ်များနှင့် သေခြင်းတရားကို ဆင်ခြင်နိုင်၏။ မရဏာနုဿတိ ဘာဝနာ အခါခါ ထပ်ကာထပ်ကာ ကျင့်ကြံပွားများ အားထုတ်နေပါ၏။ နောက်ဆုံးခရီးကို ရဲရဲရင့်ရင့် သတ္တိရှိရှိ အေးအေးချမ်းချမ်း ရင်ဆိုင်ရမည့် တာဝန်ကို တရားဓမ္မနှင့်အညီ ကျေပွန်အောင် ထမ်းဆောင် . . .

ဝမ်းနည်းပူဆွေးနေခြင်းသည် သဘာဝကျ၏။ ရက်ပေါင်းများစွာ ကြာရှည်ပူဆွေးနေသင့်ပါသလား။

"အကယ်၍ ရက်ပေါင်းများစွာ ကြာမြင့်အောင်၊ ဝမ်းနည်းကြေကွဲပူဆွေးနေသည်ဆိုပါက အနှီအခြင်းအရာသည် "သေသူကိုသနားခြင်း"မဟုတ်၊ မိမိကိုယ်ကို မိမိ သနားနေခြင်းသာဖြစ်သည်"ဟူ၍ အနောက်တိုင်းစိတ်ပညာရှင်များကဆိုကြ၏။ "ဆုံးရှုံးရသူ"အဖြစ် "မိမိကိုယ်မိမိသနားနေခြင်းသာ ဖြစ်၏"ဟူ၍ စိတ်ပညာရှင်များအမြင်ဖြစ်ပါ၏။

စာတွေ့၊ ကိုယ်တွေ့များကို သေသေချာချာ စဉ်းစားဆင်ခြင်ကြည့်ပါက ဝမ်းနည်းပူဆွေးမှုသည် မည်မျှနှိပ်စက်နိုင်သည်ကို တွေ့မြင်နိုင်ပါ၏။

ဝမ်းနည်းကြေကွဲပူဆွေးမှုသည် အထွတ်အထိပ်ကို ရောက်နေခိုက်မှာ သူ၏သားကောင်ဖြစ်သည့် ကာယကံရှင်ကို ဖျက်ဆီးပစ်နိုင်၏။ သည်ကဲ့သို့ ဖျက်ဆီးခဲ့ပေါင်းလည်း များလှပါ၏။

အနောက်တိုင်းဖြစ်စဉ်တစ်ခုတွင် အဘိုးကြီးနှင့် အဘွားကြီးစုံတွဲသည် "စိန်ရတု" ဆင်နွှဲပြီးနောက် မကြာခင် အဘိုးကြီးသည် မတော်တဆဘေးနှင့်ကြုံတွေ့ကာ သေဆုံးခဲ့ရ၏။ ရက်သတ္တသုံးပတ်အကြာမှာ အဘွားကြီးသည် ဘဝအဆုံးသတ်ခဲ့ရှာ၏။

ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်တိုင်း ဒေသတိုင်းမှာ သက်ကြီးရွယ်အိုလင်မယားများသည် တစ်ဦးသေဆုံးပြီးပါက မကြာမီ နောက်တစ်ဦးလိုက်သေဆုံးတတ်၏။

ဤသည်မှာ ဝမ်းနည်းကြေကွဲ ပူဆွေးမှုကြောင့်ဖြစ်၏။ ဝမ်းနည်းပူဆွေးမှုသည် ဖြစ်သင့်ဖြစ်ထိုက် သည့်အချိန်ပို၍၊ ပို၍ အချိန်ကြာညောင်းလာပါက လူကို အသက်တိုစေပါ၏။

ဝမ်းနည်းကြေကွဲ ပူဆွေးမှုဆိုသည်မှာ လောကဓံတရားတစ်ခုဖြစ်၏။ မဖြစ်ပေါ်စေရဟူ၍ မဆိုလိုပါ။ ဖြစ်ပေါ်သင့်ပါ၏။ တွေ့ကြုံသင့်ပါ၏။

သို့ရာတွင် "ခဏတစ်ဖြုတ်သာ တည်စေရမည်"ဖြစ်၏။ "ခဏတစ်ဖြုတ်သာ တည်စေသင့်၏။"

ဝမ်းနည်းပူဆွေးကြေကွဲမှုကြောင့် မိမိမည်မျှ ဒုက္ခခံစားရသည်ကို မိမိကိုယ်တိုင် သဘောပေါက်အောင် မတွေးတောသမျှ၊ သူက နှိပ်စက်နေမည်ဖြစ်။

သူ့ဝမ်းနည်းကြေကွဲပူဆွေးမှုကြီးကို လက်ခံမွေးမြူထားခဲ့ပါက "အကျင့်စရိုက်"ဖြစ်လာမည်။ သို့ဖြစ်လာပါက "ဝမ်းနည်းပူဆွေးမှုမရှိပါက မနေတတ်၊ မထိုင်တတ်သလောက် ဖြစ်လာရပါ၏။" ဤသည်ကား "အစွန်းရောက် စိတ်ခံစားမှု" ဖြစ်ပါတော့၏။

ခင်မင်တွယ်တာမှု သံယောဇဉ်ကြီးမားရသူ ဘဝအဆုံးသတ်ထွက်ခွာသွားသည့်ကိစ္စမှာ နောက်အမြင်တစ်မျိုးရှိသေး၏။ ဤသည်ကား "ငါတို့ဟာ ဝမ်းနည်းကြေကွဲပူဆွေးနေမှ သူ့အပေါ် သစ္စာစောင့်သိရာ ရောက်တယ်။ တကယ်လို့ ငါတို့ဟာ ဝမ်းနည်းပူဆွေးမှုပျောက်ပြီး ပျော်ရွှင်နေရင် သေသူအပေါ် သစ္စာဖောက်ရာရောက်တယ်" ဟူသည့်အမြင် မြင်ပြန်၏။

ဖန်ဆင်းရှင်ကို ယုံကြည်သက်ဝင်သူများမှာလည်း "သေသူဟာ ဘုရားသခင်ထံ ပြန်ရောက်သွားသည်မို့ အကောင်းသဘောဆောင်ပါ၏" "ကျန်ရစ်သူများသည် ဘုရားသခင်လက်ခံသည့် ပျော်ရွှင်မှုမျိုးနှင့် ပျော်ရွှင်နေထိုင်ခွင့်ရှိပါ၏။

ဗုဒ္ဓဘာသာကဲ့သို့ ဖန်ဆင်းရှင်မရှိသည့် ဘာသာတရားအရလည်း "သွားလေသူ"သည် သူ့ကံကြမ္မာ အလျောက် ဘဝတစ်ပါးကိုရောက်သွားပြီး ကျန်ရစ်သူများ၏ ဝမ်းနည်းမှု (သို့) ပျော်ရွှင်မှုဆိုသည်များကို သူသိလည်း မသိဘူး။ သည်အရာများ၊ သည်ကိစ္စများသည် သူ့ကိုလည်း ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ၊ ဧကန်အမှန် မပေးနိုင်ပါ။

သို့ဖြင့် အချစ်ဆုံးများ လောကကြီးအဆုံးသို့ ထွက်ခွာသွားသည့်အခါ ဖြစ်သင့်ဖြစ်ထိုက်သည့် ဝမ်းသာဖြစ်ပါစေ။ ဖြစ်သင့်ဖြစ်ထိုက်သည့်အချိန် ကုန်ဆုံးသွားပါက၊ ပြီးသင့်ပြီးထိုက်သည့်အချိန်မှာ ယင်းဝမ်းနည်းပူဆွေးမှုသည် ချုပ်ပျောက်သွားရပါမည်။

သို့မှသာ ကျွန်တော်တို့၏ တာဝန်နှင့်ဝတ္တရားများကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ပါမည်။

မိဘကလည်း မိဘတာဝန် ကျေရမည်။ သားသမီးကလည်း သားသမီးတာဝန်ကျေရမည်။ ပြီးနောက် "နိုင်ငံ့သားကောင်းတစ်ယောက်အနေနှင့် နိုင်ငံ့တာဝန်ကျေပွန်ရမည်။

အရေးအကြီးဆုံးမှာ လူသားတစ်ယောက်နေဖြင့် လူ့မျိုးနွယ်ကြီးတစ်စုလုံးအပေါ် တာဝန်ကျေရမည်။ ကျွန်တော့်ကိုကြည့်ပါ အိုမင်းရင့်ရော်လာသည်အထိ အသက်ရဲ့အဆစ်အပိုင်းအလိုက် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေပါ၏။

နောက်ဆုံးလမ်း ဖြောင့်တန်းအောင်ဆိုခဲ့ပါက ကျန်ရစ်သူများ၏ ခံစားမှုဖြစ်စဉ်များနှင့် သေခြင်းတရားကို ဆင်ခြင်နိုင်၏။ မရဏာနုဿတိ ဘာဝနာ အခါခါထပ်ကာ ထပ်ကာ ကျင့်ကြံပွားများ အားထုတ်နေပါ၏။ နောက်ဆုံးခရီးကို ရဲရဲရင့်ရင့် သတ္တိရှိရှိ အေးအေးချမ်းချမ်း ရင်ဆိုင်ရမည့် တာဝန်ကို တရားဓမ္မနှင့်အညီ ကျေပွန်အောင် ထမ်းဆောင်သွားပါမည်။

ကျွန်တော်တို့သည် သေရမည့်အချိန်ရောက်လာသောအခါ၊ ကျွန်တော်၏နှုတ်ခမ်းများတွင် "အပြုံးဖြင့်သာ သေလွန်ခြင်း"ကို ဖြစ်စေမည်။ ထို့ပြင် တရားဓမ္မနှင့်အညီ၊ ပျော်ရွှင်စွာဖြင့် သေခြင်းကို "ထွေခင်း" ကစားသွားမည် ဖြစ်ပါတော့သတည်း။

သင်တို့လည်း နောက်ဆုံးအချိန်တွင် နှုတ်ခမ်းများတွင် အပြုံးဖြင့် တရားဓမ္မနှင့်အညီ ပျော်ရွှင်စွာ၊ သေခြင်းကို "ထွေခင်းကစား"နိုင်ကြပါစေ။ ။

## တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်

**တာချီလိတ် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ် နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် ဇန်နဝါရီလမှ မတ် ၇ ရက်အထိ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ညအိပ်နှင့်နေ့ချင်းပြန်အဖြစ် ၁၆၅၂၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)မှ တာချီလိတ်မြို့သို့ နေ့ချင်းပြန် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၃၉၃ ဦး၊ ညအိပ် ၁၁၅၄ ဦး၊ ကျိုင်းတုံမြို့သို့ ၃၂၂၉ ဦး၊ ပြည်တွင်းသို့ ၁၆၉၅ ဦး၊ ပြည်တွင်း ပြည်ပမှ ခရီးသွား နေချင်းပြန်ဝင်ရောက်သူ ၁၅၃၆၀၇ ဦး၊ ရွှေတြိဂံဝင်ပေါက်မှ ၅၁၃၆ ဦး စုစုပေါင်း ၁၆၅၂၁၄ ဦး ဝင်ရောက်ခဲ့သည်။

အဆိုပါ နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ မဟာမြတ်မုနိဘုရားကြီးကျောင်း၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ အာခါဈေး၊ တရုတ်ဘုံကျောင်း၊ ဝမ်ပုံ-ရွှေတြိဂံ၊ တာလေလန့်တောင်းဘုရား၊ မိုင်းဖြတ်မြို့ရှိ စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့ရှိ ရပ်တော်မူဘုရား၊ မဟာမြတ်မုနိဘုရား၊ နောင်တုံကန်၊ သစ်တစ်ပင်တောင်၊ ပါလျံကျောင်း၊ ပင်းတောက်ရေတံခွန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသတို့တွင် ရေမြေတောတောင် သဘာဝအလှများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ လေ့လာရန်လာရောက် လည်ပတ်ခြင်းဖြစ်ပြီး လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်း၏ ပြောပြချက်အရ သိရသည်။

ဝေယံလင်း(ပြန်/ဆက်)





## ပရိသတ်တွေကို စိတ်သက်သာစေခဲ့တဲ့ G-Dragon

မကြာသေးမီက စစ်မှုစတင်ထမ်းဆောင်သွားခဲ့တဲ့ တောင်ကိုရီးယားပေါ့ပ်ကြယ်ပွင့် G-Dragon ဟာ လတ်တလောမှာတော့ သူ့ရဲ့ စစ်မှုထမ်းဆောင်နေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာခဲ့တာ ဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ သူဟာ ပြုံးပျော်နေတာကို တွေ့ခဲ့ရတာကြောင့် ပရိသတ်တွေအနေနဲ့ G-Dragon နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေတာတွေ သက်သာခဲ့ရပြီဖြစ်ကြောင်း အောလကေပေါ့ပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ် ၁၁ ရက်မှာတော့ G-Dragon ဟာ အခြားသော စစ်မှုထမ်းဆောင်နေသူတွေနဲ့အတူ ရယ်မောနေတဲ့ ဓာတ်ပုံကို အွန်လိုင်းမီဒီယာတစ်ခုက ထုတ်ဖော်ပြသခဲ့တာကြောင့် တပ်မတော်ရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေမှာ အသားကျနေပုံပေါ်နေပြီဖြစ်တဲ့ G-Dragon အတွက် ပရိသတ်တွေအနေနဲ့ ဝမ်းမြောက်ခဲ့ကြရတာလည်း ဖြစ်ပါတယ်။

## ဝီဘိုပေါ်မှာ ကိုယ်ပိုင်ရုပ်သံလိုင်း ရရှိတော့မယ့် ပါ့ခ်ဟေးဂျင်



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ပါ့ခ်ဟေးဂျင်ဟာ လတ်တလောမှာတော့ တရုတ်နိုင်ငံမှာ အများဆုံးအသုံးပြုတဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဝီဘိုပေါ်မှာ ကိုယ်ပိုင်သီးခြားရုပ်သံလိုင်းတစ်လိုင်းကို ထုတ်လွှင့်တော့မှာ ဖြစ်ပါတယ်။ တောင်ကိုရီးယားကြယ်ပွင့်တစ်ဦးအနေနဲ့ ဝီဘိုပေါ်မှာ ကိုယ်ပိုင်ချန်နယ်ရရှိတာဟာ ပါ့ခ်ဟေးဂျင်က ပထမဆုံးဖြစ်တယ်လို့လည်း အောလကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ပါ့ခ်ဟေးဂျင်က ယင်းရုပ်သံလိုင်းကိုတော့ "Webo V+"လို့ အမည်ပေးထားတာဖြစ်ပြီး လာမယ့် ဧပြီလအတွင်း စတင်ထုတ်လွှင့်သွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။ ယင်းရုပ်သံလိုင်းပေါ်ကနေတစ်ဆင့် ပါ့ခ်ဟေးဂျင်က ပရိသတ်တွေကို တိုက်ရိုက်ထုတ်လွှင့်မှုတွေနဲ့ အခြားသော အဆက်အသွယ်တွေ ပြုလုပ်နိုင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။



## အသက် ၅၇ နှစ်အရွယ်မှာ ငါးယောက်မြောက် ရင်သွေးလေးကိုရရှိခဲ့တဲ့ ဟတ်ဂျ်ဂရန့်

ဟောလ်ဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဟတ်ဂျ်ဂရန့်ဟာ အသက် ၅၇ နှစ်အရွယ်ရောက်မှ သူ့ရဲ့ ပဉ္စမမြောက် ရင်သွေးလေး ထပ်မံရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီရင်သွေးလေးကတော့ မင်းသားနဲ့ သူ့ရဲ့ လက်တွဲဖော်ဖြစ်တဲ့ အန်နာအီဗာစတိန်းတို့ရဲ့ ရင်သွေးလေးဖြစ်ပြီး မင်းသားဟာ မကြာမီမှာ ကလေးထိန်းရတဲ့ တာဝန်တွေကို ယူရတော့မှာလည်း ဖြစ်ပါတယ်။

## အဖွဲ့ဝင်တွေ စစ်မှုထမ်းနေစဉ် BIG BANG ရဲ့ သီချင်းသစ် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG" ဟာ အဖွဲ့ဝင်ငါးဦးနဲ့ ဖွဲ့စည်းထားတဲ့ တေးဂီတအဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအနက် လေးဦး စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း အဖွဲ့လိုက်ပါဝင်ထားတဲ့ တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းနဲ့ ယင်းတေးသီချင်းရဲ့ အမည်ကိုတော့ လတ်တလောမှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ "Flower Road"လို့ အမည်ပေးထားတဲ့ ယင်းတေးသီချင်းကိုတော့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ G-Dragon နဲ့ အဖွဲ့ဝင်တွေအနက် အသက်အကြီးဆုံးဖြစ်တဲ့ T. O. P တို့ တွဲဖက်ရေးသားထားတာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အဖွဲ့ဝင်တွေအနက် T. O. P၊ G-Dragon၊ တေးယန်နဲ့ ဆန်းရီတို့ လေးဦး စစ်မှုထမ်းဆောင်နေတာ ဖြစ်ပါတယ်။ " Flower Road "ကိုတော့ မတ် ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာလည်း ဖြစ်ပါတယ်။




## iHeartRadio Music Awards ဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသားတေးဂီတအဖွဲ့ဆု BTS ဆွတ်ခူး

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ကျင်းပပြီးစီးခဲ့တဲ့ အမေရိကန်တေးဂီတ ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "iHeartRadio Music Awards" ဆုပေးပွဲကြီးမှာ ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသားတေးဂီတအဖွဲ့အဖြစ် ရွေးချယ်ခံခဲ့ရတာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဖွဲ့ကို အားပေးခဲ့ကြတဲ့ ပရိသတ်အဖွဲ့ကိုလည်း အကောင်းဆုံး ပရိသတ်တွေအဖြစ် ရွေးချယ်ဆုပေးခဲ့ကြောင်း အောလကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ ဆုပေးပွဲကိုတော့ ပြီးခဲ့တဲ့ မတ် ၁၁ ရက် ညပိုင်းမှာ ကျင်းပခဲ့တာဖြစ်ပြီး တစ်နှစ်တာရဲ့ အကောင်းဆုံးအမျိုးသားတေးဂီတဆုအတွက် BTS နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ကြတဲ့ အဖွဲ့တွေကတော့ "CNCO"၊ "In Real Life"၊ "PRETTYMUCH"၊ "The Vamps" နဲ့ "Why Don't We"တို့ ဖြစ်ကြပါတယ်။ အဲဒီထဲကမှ ကေပေါ့ပ်တေးဂီတအဖွဲ့ဖြစ်တဲ့ BTS က ဆုကို ဆွတ်ခူးသွားခဲ့တာလည်း ဖြစ်ပါတယ်။

အကောင်းဆုံးပရိသတ်ဆုအတွက် ရွေးချယ်ခဲ့ရာမှာတော့ BTS ရဲ့ "ARMYs"နဲ့ ယှဉ်ပြိုင်ခဲ့ကြတဲ့ ပရိသတ်တွေကတော့ EXO၊ ဂျင်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ကမ်မီလာကပ်ဘဲလို စတဲ့ နာမည်ကျော်တွေရဲ့ ပရိသတ်အဖွဲ့တွေ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်



## တေလာဆွစ်ရဲ့ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

နာမည်ကျော် အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တေလာဆွစ်က ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးဗီဒီယိုသစ်ကို ထုတ်လွှင့်သွားမှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လတ်တလောမှာတော့ ယင်းတေးဗီဒီယိုကို အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တွေပေါ်မှာ စတင်ထုတ်လွှင့်ပေးခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ သူကတိပြုထားတဲ့အတိုင်း ပြီးခဲ့တဲ့ မတ် ၁၁ ရက်မှာ သူ့ရဲ့တေးဗီဒီယိုသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ "Delicate"လို့အမည်ရတဲ့ တေးဗီဒီယိုကို လတ်တလော ကျင်းပပြီးစီးခဲ့ပြီဖြစ်တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "iHeartRadio Music Awards"ဆုပေးပွဲကြီးမှာ ဦးစွာပြသခဲ့ပြီးနောက် လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုမှာတော့ တေလာဆွစ်ဟာ အများက မမြင်နိုင်တဲ့ ကိုယ်ပျောက်လူသားတစ်ဦးအသွင် ပါဝင်ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။

"Delicate"တေးဗီဒီယိုရဲ့ အစမှာတော့ တေလာဆွစ်ဟာ ကော်ဇောနီပေါ်ကို လျှောက်လှမ်းခဲ့ရာမှာ သူ့ရဲ့ ကိုယ်ရံတော်တွေ ခြံရံလာခဲ့ပြီး မီဒီယာတွေနဲ့လည်း အင်တာဗျူးတွေ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက် မှော်စာအုပ်က မှတ်စုတွေကို သိခဲ့ရာကနေ ကိုယ်ပျောက်လူသားအဖြစ်သို့ ရုတ်တရက် ရောက်ရှိခဲ့ရပါတယ်။ ကိုယ်ပျောက်လူသားတစ်ဦးဖြစ်ခဲ့ရပြီး အခြားသောသူတွေက သူ့ကို မမြင်နိုင်ကြောင်း သိခဲ့ရချိန်မှာတော့ တေလာဆွစ်ဟာ သူစီးလာတဲ့ ဖိနပ်ကိုပင် ချွတ်ကာ စိတ်ကျေနပ်သည်အထိ ကခုန်ပစ်လိုက်တာကိုလည်း တွေ့ရပါတယ်။

"Delicate"တေးဗီဒီယိုဟာ တေလာဆွစ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"မှာ ပါဝင်တဲ့ တေးသီချင်းတွေအနက် စတုတ္ထမြောက် ထုတ်လွှင့်လိုက်တဲ့ တေးဗီဒီယိုဖြစ်ပါတယ်။ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးဗီဒီယိုတွေကတော့ "Look What You Made Me Do"၊ "Ready For It?"နဲ့ ဗြိတိန်ကြယ်ပွင့် အက်ဒ်ရှီးရန်နဲ့ ဖြူးချားတို့ ပါဝင်အားဖြည့်သီဆိုထားတဲ့ တေးသီချင်း "End Game"တို့ရဲ့ ဗီဒီယိုတွေ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် မေ ၈ ရက်မှာ စတင်သွားမှာဖြစ်ကြောင်းနဲ့ ဖျော်ဖြေရေးခရီးစဉ်တွေရဲ့ အဖွင့်မှာတော့ အခြားသောနာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ကမ်မီလာကပ်ဘဲလိုနဲ့ ချာလီအိတ်ဇ်စီအိတ်ဇ်တို့လည်း တွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တေလာဆွစ်နဲ့ ချစ်သူ ဗြိတိန် သရုပ်ဆောင်မင်းသား ဂျိုးအော်ဝင်န်တို့ဟာ ချစ်သူတွေအဖြစ် ပြီးခဲ့တဲ့ နှစ်စပိုင်းကတည်းက လက်တွဲခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦး တွေ့ဆုံခဲ့ရာမှာတော့ အထူးလျှို့ဝှက်တွေ့ဆုံခဲ့ကြပါတယ်။ မီဒီယာတွေနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့ရတဲ့အခါမှာလည်း ဖုံးကွယ်ကာ ကင်မရာတွေကို ရှောင်ရှားခဲ့ကြပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ မလီဘူးမှာ အတူတွေ့ဆုံခဲ့ကြပြီး ဒီတစ်ကြိမ်မှာတော့ အများရှေ့မှောက် အတူလက်တွဲပေါ်ထွက်ခဲ့တဲ့အပြင် မီဒီယာတွေကိုလည်း ရှောင်ရှားခဲ့ခြင်း မရှိတာတွေ့ရကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း အီးနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒီလို အများရှေ့ပေါ်ထွက်ပြီး ချစ်သူနဲ့ လက်ချင်းတွဲကာ တောင်တက်ခရီးနွှဲခဲ့တာဟာ တေလာဆွစ်အနေနဲ့ သူ့ရဲ့တေးဗီဒီယိုသစ် "Delicate"အတွက် ပရိသတ်တိုးစေဖို့ လုပ်ဆောင်တာ ဖြစ်ကြောင်းလည်း အချို့သောမီဒီယာတွေက ဝေဖန်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးဖွင့်

**ပဲခူး မတ် ၁၂**
ပဲခူးမြို့ ဥဿာမြို့သစ် (၇)ရပ်ကွက် ကျိုက်ပေါ်ဘုရားလမ်းတွင် မတ် ၁၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့်အကျိုးစီးပွားအတွက် အကောင်းဆုံးအထောက်အကူပြုပေးနိုင်မည့် ဝန်ထမ်းအဖွဲ့အစည်းအဖြစ်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားကြသည်။

အဆိုပါရုံးအဆောက်အအုံသည်၂၀၁၅-၁၆၊၂၀၁၆-၁၇၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၈၃၁ သန်းဖြင့် Royal Pholamin ကုမ္ပဏီမှတာဝန်ယူကာ အလျားပေ ၇၀၊ အနံပေ ၃၀ RCC သုံးထပ်ပင်မရုံး အဆောက်အအုံအပါအဝင် ဓာတ်ခွဲခန်းနှစ်ထပ်ရုံး၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတို့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် အုတ်မြစ်ချဆောက်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး FDA ရုံးမှဝန်ထမ်းများ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဖွဲ့စည်းပြီးသည့်နောက် တိုင်းဒေသကြီးအတွင်း ရေသန့်လုပ်ငန်းများစစ်ဆေးခြင်း၊ ဆေးဆိုင်များစစ်ဆေးခြင်း၊ ဈေးဆိုင်များစစ်ဆေးခြင်း၊ မြို့ပေါ်ကျေးလက်ဒေသရှိ ပြည်သူများအားအစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဈေးကွက်နမူနာများ ကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များရှိ စားသောက်ဆိုင်များအား အစားအသောက်ဘေးကင်းမှုရှိ၊ မရှိစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိသည့်အပြင် အန္တရာယ်ဖြစ်စေမည့် အစားအသောက်များနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်အမျိုးသားကျန်းမာရေးကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တို့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ ပြည်သူလူထုအား အရည်အသွေးပြည့်ဝပြီးဘေးအန္တရာယ်ကင်းရှင်းသည့်အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းများရရှိသုံးစွဲနိုင်ရေးကို အမျိုးသားလုံခြုံရေးခံယူချက်ဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ခြင်းကို မိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။



**တင်စိုး(ပဲခူး)**

# (၁၆)ခုတင်ဆံ့စံကိုက်တိုက်နယ်ဆေးရုံ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

**ကျွန်းလှ မတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ၁၆ ခုတင်ဆံ့ စံကိုက်တိုက်နယ်ဆေးရုံ တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ် ကြောင်းသိရသည်။

ထိုစံကိုက်တိုက်နယ်ဆေးရုံတွင်အမျိုးသား လူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်းနှင့် ဝန်ထမ်းအိမ်ရာသုံးလုံးတို့ကို ခွင့်ပြုငွေကျပ် ၆၁၉ သန်းဖြင့် ပေ ၄၃ Group Construction ကုမ္ပဏီကတာ ဝန်ယူတည်ဆောက်ခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှသိရ သည်။

အဆိုပါကျေးရွာအုပ်စုတွင်ယခင်ကကျေး လက်ကျန်းမာရေးဌာနသာရှိကြောင်း၊ ယခုလို ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ပေးခြင်းကြောင့် ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ကောလင်းမြို့နယ်တို့မှ အိမ်ထောင်စုပေါင်း ၂၅၉၀၊ လူဦးရေ ၁၃၂၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်း ကျေးရွာများတွင်လည်း၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံများ ဆောက်လုပ်ကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# နွေရာသီသောက်သုံးရေဖူလုံရေးအတွက် မြေသားရေလှောင်ကန်တူးဖော်

**သာစည် မတ် ၁၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရောက်ရိုးကျေးရွာဒေသခံပြည်သူများ နွေရာသီတွင် သောက်သုံးရေ သုံးစွဲရေပြတ်လပ်မှုမတွေ့ကြုံစေရေးနှင့် လယ်ယာမြေများတွင် လိုအပ်သည့် စိုက်ပျိုးရေကိုလည်း ဖူလုံစွာရရှိနိုင်ရေးအတွက် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်နေသည့် ရောက်ရိုးမြေသားရေလှောင်ကန် တူးဖော်နေမှုအား မတ် ၁၂ ရက် နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်နှင့် သာစည်မြို့နယ်ဦးစီးမှူး ဦးဌေးကိုတို့ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါရောက်ရိုးမြေသား ရေလှောင်ကန်မှာ အလျားပေ ၁၀၀၊ အနံ ပေ၁၀၀၊ အနက် ခြောက်ပေ ရှိကာ တူးဖော်ဆောင်ရွက်မှု ပြီးစီးသွားပါက ဒေသခံပြည်သူများ နွေရာသီတွင် ရေပြတ်လပ်မှု မတွေ့ကြုံရတော့ဘဲ သောက်သုံးရေကို ဖူလုံစွာရရှိမည့်အပြင် စိုက်ပျိုးရေဧက ၇၀၀ ကိုလည်း လိုသလောက်ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မိုးရာသီကာလ ရေစီးရေလာကောင်းမွန်ရေး အုတ်ရေနုတ်မြောင်း တူးဖော်



**မင်းဘူး မတ် ၁၂**
မင်းဘူး(စကု)မြို့ အမှတ်(၃)ရပ်ကွက် ဦးဩဘာသလမ်း လမ်းဘေး(ဝဲ/ယာ)အား မိုးရာသီကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပြီး လတ်တလောအခြေအနေတွင် လုပ်ငန်းပြီးစီးမှု ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထိုသို့ မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးကောင်းမွန်စွာ နေထိုင်နိုင် စေရန်ရည်ရွယ်၍ ပြုလုပ်သည့် မင်းဘူး(စကု)မြို့ အမှတ်(၃)ရပ်ကွက် ဦးဩဘာသလမ်း လမ်းဘေး(ဝဲ၊ ယာ) အုတ်ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို မတ် ၅ ရက် မင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးနွဲ့အောင်၊ အမှုဆောင် အရာရှိဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်း ဆောင်ရွက်သည့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဗိုလ်သိမ်းမှ လတ်တလောရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ မင်းဘူး(စကု)မြို့ အမှတ်(၃)ရပ်ကွက် ဦးဩဘာသလမ်းမှာ ယခင်က ရေနုတ်မြောင်းမရှိခြင်းကြောင့် မိုးတွင်းကာလများတွင် ရပ်ကွက်နေပြည်သူများ သွားလာအသုံးပြုသည့်လမ်းမပေါ်သို့ ရေများစီးဆင်းခြင်း၊ အချို့နေရာများတွင် ရေစီးရေလာမှု မရှိခြင်းနှင့် ရေတိုက်စားမှုကြောင့် လမ်းမပေါ်တွင် ချိုင့်ခွက်များဖြစ်ပေါ်ပြီး လမ်းပျက်စီးမှုများ ဖြစ်ပေါ်၍ ဒေသခံပြည်သူများ သွားလာရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသည်။

သို့ဖြစ်၍ မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်နေပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေစေပြီး ကျန်းမာရေးကောင်းမွန်စွာ နေထိုင်သွားနိုင်ရန်နှင့် မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကုန်သွယ်လုပ်ငန်းခွန်ခွင့်ပြုရန်ပုံ ငွေကျပ် သိန်း ၂၀၀ ဖြင့် မင်းဘူး(စကု)မြို့ အမှတ်(၃)ရပ်ကွက် ဦးဩဘာသလမ်း အရှည်ပေ(၈၃၀) အား လမ်းဘေး(ဝဲ၊ ယာ)တွင် အကျယ် နှစ်ပေ၊ ခြောက်လက်မ၊ အနက် သုံးပေ ရှိ အုတ်ရေနုတ်မြောင်းအား တူးဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရပြီး အဆိုပါ အုတ်ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား ယခုလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဝယ်အင်းကျေးရွာ ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်

**ပဲခူး မတ် ၁၂**
ပဲခူးတိုင်းဒေသကြီး အထက်ဇိုင်းဂနိုင်းကျေးရွာအုပ်စု ထားဝယ်အင်းကျေးရွာ ရွာလယ်လမ်းမကြီးအနောက်ဘက်ခြမ်းအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၁၂ ရက်မှစတင်နေပြီဖြစ်သည်။

အဆိုပါလမ်းသည်ယခင်ကမြေသားလမ်းအဆင့်သာရှိပြီး ယခုအခါကျေးရွာသူ ကျေးရွာသားများ လမ်းပန်းဆက်သွယ်ရေးသွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံချစ်ကြည်ရင်းနှီးမှု ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြန်မာဆယ်မာအူးလ်အွန်ဒုံမှ ဘက်ဂျက်ငွေကျပ် ၁၀၈ သိန်းကျော်ဖြင့် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိသော ကွန်ကရစ်လမ်းအဖြစ်ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**၅၈၈**



# ပွင့်လင်းရာသီ သစ်တောကြိုးဝိုင်းများမှ တရားမဝင်သစ်ထုတ်လုပ်မှုများကို အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းကာ အရေးယူဆောင်ရွက်သွားမည်

တွေ့ဆုံမေးမြန်း – ကိုလွင်(ဆွာ)

**မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းမှုပမာဏ ကျယ်ပြောစွာတည်ရှိပြီး ပွင့်လင်းရာသီများ၌ ကြုံတွေ့ရလေ့ရှိသော တရားမဝင်သစ်ထုတ်လုပ်မှုများကို နည်းပါးလှသော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးအဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာခဏဆိုသလို သစ်ခိုးထုတ်သူများမှ ဝန်ထမ်းများအား ပြန်လည်ရန်ပြုခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းအစရှိသော စိန်ခေါ်မှုများကြားမှ ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်များကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**



မြို့နယ်ဦးစီး အရာရှိ ဦးကျော်ဆန်းမိုး။

**မေး။ ။ ကျွန်တော်တို့ ရေတာရှည်မြို့နယ်မှာ တရားမဝင်သစ်တွေ နေ့စဉ်ရက်ဆက် ဆိုသလို ဖမ်းဆီးရမိနေတဲ့သတင်းကို ကြားနေရပါတယ်၊ မြို့နယ်သစ်တောဦးစီးဌာန အနေနဲ့ ဆောင်ရွက်ချက်တွေကိုသိချင်ပါတယ်။**

ဖြေ။ ။ အခုလိုပွင့်လင်းရာသီမှာ သစ်တောကြိုးဝိုင်းတွေထဲက တရားမဝင်သစ်တွေကို ဖမ်းဆီးရမိတဲ့ အတိုင်းအတာကိုပြောရရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့အထိ ရေတာရှည် မြို့နယ်အတွင်းမှာ သစ်မျိုးစုံ ၆၉၅ တန်၊ တရားခံ ၃၈ ဦး၊ ယာဉ်/ယန္တရား ၁၉ စီး ဖမ်းဆီးနိုင်ခဲ့ပါတယ်၊ တစ်နိုင်ငံလုံးဖမ်းဆီးရမိတဲ့ စာရင်းဇယားများအရဆိုရင် တရားမဝင်သစ်မျိုးစုံ ၄၁၀၅၃ တန်၊ တရားခံ ၆၃၆၀ ဦး၊ ယာဉ်/ယန္တရား ၃၀၆၇ စီးဖမ်းဆီးရမိခဲ့ပါတယ်။

**မေး။ ။ ရေတာရှည်မြို့နယ်အတွင်းမှာ ၂၀၁၄-၂၀၁၅ ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်အထိ ဖမ်းဆီးရမိမှုကိုသိချင်ပါတယ်။**

ဖြေ။ ။ ဟုတ်ကဲ့ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင်သစ်ထုတ်လုပ်မှုတွေကို ဘဏ္ဍာနှစ်အလိုက် ဖမ်းဆီးရမိတဲ့ စာရင်းများအရ ၂၀၁၄-၁၅၊ ၂၀၁၅-၁၆၊ ၂၀၁၆-၁၇၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့အထိ ၁၂၈၁ တန်ကို ဖမ်းဆီးရမိခဲ့တဲ့အတွက် ယခင်ကထက် ၂၁၇ တန်ပိုမိုဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီလိုပိုမို ဖမ်းဆီးရမိခြင်းဟာလည်း တရားမဝင်သစ် ဖမ်းဆီးရေးကို အရှိန်အဟုန်မပျက် စီမံချက်ချမှတ်ဆောင်ရွက်နေလို့လည်း ဖြစ်ပါတယ်။

**မေး။ ။ တရားမဝင်သစ်ခိုးထုတ်မှုအခြေအနေကိုသိချင်ပါတယ်။**

ဖြေ။ ။ တရားမဝင်သစ်ခိုးထုတ်လုပ်သူများဟာ နည်းလမ်းမျိုးစုံနဲ့ ခိုးယူထုတ်လုပ်မှုပမာဏ များပြားလာတာကို တွေ့ရှိရပါတယ်၊ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ၊ ဆိုင်ကယ်တွေ၊ တောတွင်းခုတ်လှဲမှုတွေ၊ မြစ်ကြောင်းတစ်လျှောက် ဖောင်နဲ့ခိုးယူမှုတွေ၊ ဆီဘောက်ဆာ၊ အလုံပိတ်ကွန်တိန်နာတွေ အခြားသော ကုန်ပစ္စည်းများနဲ့ ဖုံးအုပ်သယ်ဆောင်မှုတွေကို အသုံးပြုလာတာကို တွေ့ရပါတယ်၊ စီမံချက်ချ ဖမ်းဆီးနေတဲ့အတွက် ယခင်ကထက်ပိုမို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ တရားမဝင်သစ်ခိုးထုတ်လုပ်မှု လျော့နည်းစေဖို့ စီမံချက်နဲ့ဆောင်ရွက်နေတယ်ဆိုရင် ဘယ်လိုနည်းလမ်းတွေကို အသုံးပြု အရေးယူဆောင်ရွက်နေတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ ရေတာရှည်မြို့နယ် အတွင်းမှ လစဉ်စစ်ကြောင်းပုံစံနဲ့ ဝန်ထမ်းအင်အားစုဖွဲ့ဖမ်းဆီးတာ၊ ဦးစီးအရာရှိ ကိုယ်တိုင် ခေါင်းဆောင်ဖမ်းဆီးခြင်း၊ တိုင်ကြားချက်များအပေါ် သတင်းခိုင်မာမှုရှိ မရှိ စုံစမ်းပြီး အချိန်နဲ့တစ်ပြေးညီဖမ်းဆီးခြင်း အပြင် သတင်းကွင်းဆက်ရရှိနိုင်ရေးကို လည်းဆောင်ရွက်ထားတဲ့အပြင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System CMRS) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ပြည်သူလူထုပူးပေါင်းပါဝင်မှု (Community Monitoring and Reporting System CMRS) နဲ့ ဆောင်ရွက်နေမှုကိုရှင်းပြပေးပါလား။**

ဖြေ။ ။ (Community Monitoring and Reporting System CMRS) ကိုသစ်တောဦးစီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလကစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်၊ ဒေသခံပြည်သူများ၊ တာဝန်သိပြည်သူများ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနဲ့ သတင်းပေးသူများထံကလည်း သတင်းများကို ရရှိပြီး အချိန်နဲ့တစ်ပြေးညီ ဖမ်းဆီးဆောင်ရွက်တာဖြစ်ပါတယ်၊ CMRS စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် တရားမဝင် သစ်ခိုးထုတ်မှုများကို သစ်တောဦးစီးဌာနကို အချိန်မီ သတင်းပေးပို့နိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များ အလိုက် Hot Line ဖုန်းနံပါတ်များကို လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းမီဒီယာများမှာ ကြော်ငြာထားသလို လူစည်ကားရာနေရာတွေမှာ ကြော်ငြာပေးထားပါတယ်၊ CMRS စနစ်နဲ့ တစ်နိုင်ငံလုံး ဖမ်းဆီးအရေးယူ ဆောင်ရွက်ချက်များ အနေနဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလကနေ ၂၀၁၈ ခုနှစ် ဇန်နဝါလအထိ တရားမဝင်သစ်၁၇၁၂ တန်၊ တရားခံ ၂၉၁ ဦး၊ ယာဉ်/ ယန္တရား ၉၁ စီး ဖမ်းဆီးရမိခဲ့ပြီး ကျွန်တော်တို့ မြို့နယ်အတွင်းမှာလည်း ဖမ်းဆီးရမိတာတွေ ရှိပါတယ်။

**မေး။ ။ တရားမဝင် သစ်ခိုးထုတ်သူတွေဟာ တာဝန်အရ ဆောင်ရွက်ကြရတဲ့ သစ်တောဝန်ထမ်းတွေကို ရန်ပြုတိုက်ခိုက်တာကြောင့် အချို့ သေဆုံးခဲ့ရတယ်ဆိုတဲ့ သတင်းတွေ ကြားနေရပါတယ်၊ ဘယ်လောက်များ ရှိပါသလဲ။**

ဖြေ။ ။ ဟုတ်ကဲ့ပါ ၁၉၉၈-၉၉ ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ တရားမဝင်သစ်ဖမ်းဆီးခြင်း နဲ့ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရင်း သစ်တောဝန်ထမ်းများကို ရန်ပြုတိုက်ခိုက်တဲ့ဖြစ်စဉ် ၉၂ ခုဖြစ်ပွားခဲ့ပါတယ်၊ ရေတာရှည်မြို့နယ်မှာဆိုရင် တစ်ခုဖြစ်ပွားခဲ့ပါတယ်၊ တစ်နိုင်ငံလုံးအတိုင်း အတာအရဆိုရင် ရန်ပြုတိုက်ခိုက်မှု ၃၇ မှုမှာ သေဆုံးသူ ရှစ်ဦး၊ ဒဏ်ရာရရှိသူ ၄၂ ဦးရှိခဲ့ပြီး တုံ့ပြန်တိုက်ခိုက်မှုကြောင့် ထိခိုက်မှု ၅၇ မှုရှိခဲ့ပါတယ်။

**မေး။ ။ ဒါဆိုရင် သစ်တောဝန်ထမ်းတွေကို အကာအကွယ်ပေးဖို့ လိုအပ်နေပြီဆိုတာ ပေါ်လွင်နေပါတယ်၊ ဝန်ထမ်းတွေအသက်အန္တရာယ်လုံခြုံရေးအတွက် ဘယ်လိုများစီမံဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ဝိသမစီးပွားရေးလုပ်ကိုင်သူတွေဟာ သူတို့အကျိုးစီးပွားထိခိုက်လာရင် ဘယ်သူကိုမဆို ရန်ပြုတိုက်ခိုက်တတ်ပါတယ်၊ ခုနောက်ပိုင်းမှာတော့ သစ်တောဝန်ထမ်းတွေလုံခြုံရေးအတွက် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကို ၂၀၁၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပြီး သစ်တောဦးစီးဌာနများနဲ့ပူးပေါင်းခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ရှစ်ခု၊ ခရိုင် ၁၉ ခုမှာ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်ပေါင်း ၂၁၈ ဦးနဲ့တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ပူးပေါင်းဖမ်းဆီးမှုများအနေနဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ တရားမဝင်သစ် ၆၁၃ တန်၊ တရားခံ ၁၄ ဦး၊ ယာဉ်/ယန္တရား ၆၂ စီးဖမ်းဆီးရမိခဲ့ပြီး သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ချထားပြီးတဲ့နောက်ပိုင်းမှာတော့ ရန်ပြုတိုက်ခိုက်မှုတွေ သိသိသာသာကျဆင်းသွားတာကိုလည်း တွေ့ရပါတယ်၊ ဒါ့အပြင် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေနဲ့ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဥယျာဉ်များမှာ သစ်တောဦးစီးဌာနဝန်ထမ်းများကို ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းများအဖြစ် လက်နက်တပ်ဆင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှာတော့ ပြည်သူ့စစ်(ဌာနေ) ဝန်ထမ်းများကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါတယ်။

**မေး။ ။ တရားမဝင်သစ်များကို ဖမ်းဆီးတဲ့အခါမှာ ဝန်ထမ်းတွေဘက်ကလည်း အခက်အခဲတွေ အမျိုးမျိုးကြုံတွေ့တယ်လို့လည်း ကြားနေရပါတယ်၊ ဘယ်လိုအခက်အခဲများရှိပါသလဲ။**

ဖြေ။ ။ အခက်အခဲတွေကတော့ အများကြီးပဲ အဓိကအခက်အခဲကတော့ ဝန်ထမ်းအင်အားလုံလောက်မှုမရှိတာပါ၊ ရေတာရှည်မြို့နယ်မှာဆိုရင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာစုစုပေါင်း ၄၇၃၄၄၁ ဒသမ ၆၄ ဧကရှိပြီးတော့ အမှန်တကယ်လက်တွေ့မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းက ၂၂ ဦးပဲရှိတဲ့အတွက် ဝန်ထမ်းတစ်ဦးကို သစ်တောနယ်မြေ ဧက ၂၁၅၂၀ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေရပါတယ်၊ နောက်တစ်ခုက တရားမဝင်သစ်ထုတ်လုပ်မှုနဲ့ သယ်ဆောင်မှုများကို ထိထိရောက်ရောက်တားဆီးနိုင်ရေးအတွက် ခေတ်မီနည်းပညာနဲ့ ပစ္စည်းမရှိခြင်းအပြင် ပြည်သူလူထုနဲ့ အခြားသော ဆက်စပ်ဌာန အဖွဲ့အစည်းများက ပူးပေါင်းပါဝင်မှု နည်းပါးခြင်းဟာလည်း အခက်အခဲများအနေနဲ့ ကြုံတွေ့နေရ တာဖြစ်ပါတယ်။ တရားမဝင်ကိုင်ဆောင်တဲ့ လက်ကိုင်လွှစက်တွေကို တရားမဝင်တင်သွင်းဖြန့်ချိ ခြင်းကို ဟန့်တားထိန်းချုပ်နိုင်မှု မရှိတာ၊ လိုင်စင်မဲ့ မော်တော်ယာဉ်တွေကို ဖမ်းဆီး အရေးယူမှုအားနည်းတယ့်အတွက်လည်း အဲဒီယာဉ်တွေနဲ့ အသုံးပြုခိုးယူခြင်းကြောင့် တရားခံ စုံစမ်းဖော်ထုတ်ရာမှာ အခက်အခဲတွေရှိပါတယ်၊ တရားမဝင် သစ်အများဆုံးထွက်ရှိနေတဲ့ ဒေသများမှာ ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင် လုပ်ဆောင်နေတာဖြစ်တဲ့အတွက် မြေပြင်သတင်းရယူနိုင်ဖို့ ခက်ခဲသလို ဖမ်းဆီးရမိတဲ့ တရားခံတွေကို သက်ဆိုင်ရာတရားရုံးများက ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်မှု အားနည်းတာတွေဟာလည်း အခက်အခဲနဲ့ စိန်ခေါ်မှုများဖြစ်ပါ တယ်။

**မေး။ ။ ဒါဆိုရင် ကြုံတွေ့နေရတဲ့အခက်အခဲတွေအတွက် ဆရာတို့အနေနဲ့ဘယ်လိုများ ကိုင်တွယ်ဆောင်ရွက်မှာပါလည်း။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ တရားမဝင်သစ်ဖမ်းဆီးရမိရေးကို ဘယ်လိုအခက်အခဲ၊ စိန်ခေါ်မှုတွေရှိနေပါစေ နည်းလမ်းမျိုးစုံနဲ့ ဖမ်းဆီးအရေးယူတာကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အနေနဲ့လည်း လိုအပ်နေတဲ့ ဝန်ထမ်းအင်အားကို အမြန်ဆုံး ဖြည့်တင်းပေးနိုင်ရေးကိုလည်း အဆင့်ဆင့် တင်ပြထားပြီး ဖြစ်ပါတယ်၊ တရားမဝင်သစ်ခိုးထုတ်နေသူတွေကို ဖမ်းဆီးနေတဲ့ ဝန်ထမ်းများကိုလည်း ရာထူးအဆင့်ဆင့်တိုးမြှင့်ပေးခြင်း၊ အကျင့်ပျက်ဝန်ထမ်းတွေကို ထိရောက်တဲ့ ပြစ်ဒဏ်တွေချမှတ်ခြင်း၊ ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။

ဟုတ်ကဲ့ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောပွဲများကျင်းပ

**လမ်းမတော်**။ ။လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်လွင်ဦး၊ လမ်းမတော်မြို့မစခန်းမှူး ဒုရဲမှူး မြင့်လွင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မျိုးကိုတို့သည် မတ် ၁၀ ရက် ညနေ ၅ နာရီက လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းမှု လျော့နည်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောရာ ရပ်ကွက်နေ ပြည်သူ ၄၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။ **၆၈၉**

**ဇလွန်**။ ။ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အစုကြီးကျေးရွာ၌ မတ် ၁၂ ရက် နံနက်ပိုင်းက မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဇလွန်မြို့ နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးစိုးမြင့်နှင့် နယ်ထိန်း ခေါင်းဆောင် ရဲအုပ်ဇော်ထက်တို့က ပြစ်မှု၊ ပြစ်ဒဏ်အကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကြည်ကြည်စိန် နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ယဉ်ကြည်တို့က သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် အမျိုးသမီးများ လိင်အကြမ်းဖက်မှု ကင်းဝေးစေရေး ပညာပေးဟောပြောခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇလွန်(မြန်/ဆက်)**

**အင်းစိန်**။ ။အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေးသည် မတ် ၉ရက် ည ၈ နာရီက အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဈေးကုန်းရပ်ကွက် လူမှု အထောက်အကူပြုအဖွဲ့ လူငယ်အင်အား ၉၀ ခန့်အား မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ရှောင်ရန်အချက်များကို ဆွေးနွေးဟောပြောခဲ့သည်။ **ကြေးမုံ**

**မင်္ဂလာတောင်ညွန့်**။ ။ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိတော်ရပ်ကွက် သမ္မာစာရိတကျိတော် ဓမ္မာရုံနှင့် ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော ယဉ်ကျေးလိမ္မာ သင်တန်းသား သင်တန်းသူများနှင့် ပြည်သူ ၇၀ ခန့်အား မတ် ၁၁ ရက် ညနေ ၃ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **၁၁၈**

**ဝေဘာဂီ**။ ။ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၃ ရက် နံနက် ၁၁ နာရီခွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်က မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဝေဘာဂီမြို့သစ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်မြင့်နှင့် ရပ်ကွက်နေပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ရွှေပေါက်ကံ**။ ။ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၂၃) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ စိတ္တသုခဆွမ်းလောင်းဓမ္မာရုံတွင် ရွှေပေါက်ကံ နယ်မြေရဲစခန်း နယ်ထိန်းအရာရှိ ဒုရဲအုပ်ဝင်းခိုင်က သက်ငယ်မုဒိမ်းမှု လျော့နည်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောဟောခဲ့ရာ ရပ်ကွက်နေပြည်သူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**တိုက်ကြီး**။ ။ သက်ငယ်မုဒိန်းမှု ပပျောက်ရေး မှုခင်းအသိ ပညာပေး ဆွေးနွေးဟောပြောပွဲကို မတ် ၁၀ ရက် ည ၈ နာရီခွဲက တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက်၌ ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်ထွန်းလတ်က အမျိုးသမီးများဘဝ လုံခြုံရေး၊ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှု လုံးဝမရှိစေရေးနှင့် ပပျောက်ရေးတို့အတွက် မိဘအုပ်ထိန်းသူများနှင့် အမျိုးသမီး၊ ကလေးငယ်များ သတိပြုလိုက်နာရမည့်အချက်များ၊ ပြစ်ဒဏ်များ အကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
နှလုံးသားထဲက မြန်မာ
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# ရသေ့တောင်တံတား တည်ဆောက်မှု ယခုလကုန်တွင် ပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**စစ်တွေ မတ် ၁၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ ရသေ့တောင်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် ရသေ့တောင်တံတားကို ယခုမတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါတံတားကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၇ က တာဝန်ယူတည်ဆောက်နေပြီး ယခုအခါ တံတားတည်ဆောက်မှု ၉၄ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ တံတားပြီးစီးပါက တန် ၆၀ အထိရှိသည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားအရှည်ပေ ၈၈၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း သုံးပေ နှစ်လက်မနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၆ ဒသမ ၂၅ ပေ၊ရေလမ်းကင်းလွတ်အကျယ် ၁၀၂ ပေရှိပြီး တံတားအပေါ်ထည်ကို သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် လည်းကောင်း၊ အောက်ထည်အုတ်မြစ်ကို ဘိုးပိုင်ဖောင်ဒေးရှင်းဖြင့် လည်းကောင်း တည်ဆောက်ထားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



## ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

**နေပြည်တော် မတ် ၁၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်သတင်းရယူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ နှစ်နိုင်ငံ နှစ်ဖက်နယ်စပ်ခြံစည်းရိုးလမ်း ကုန်းမြေနယ်နိမိတ်အတိုင်း နယ်ခြားမှတ်တိုင် ၃၁ မှ နယ်ခြားမှတ်တိုင် ၃၄ အထိ လှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ စတင်၍ ရေကြောင်းကင်းလှည့်ခြင်းနှင့် ကုန်းမြေနယ်နိမိတ်ကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်အထိ နယ်စပ်မှတ်တိုင် ၄၂ မှ ၅၅ အထိ ၁၄ ကြိမ် ဆောင်ရွက်ခဲ့ပြီး မတ် ၇ ရက်အထိ နယ်ခြားမှတ်တိုင် ၄၂ အထိ၊ မတ် ၂၇ ရက် နောက်ပိုင်းတွင် နယ်စပ်မျဉ်း မိုင်တိုင်အမှတ် ၄၂ မှ ၄၅ အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မတ် ၅ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ကင်းလှည့်ရေယာဉ်များဖြင့် နတ်မြစ်တစ်လျှောက် နှစ်နိုင်ငံညှိနှိုင်း၍ ပူးတွဲရေကြောင်းလှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





MLA INTERNATIONAL

- No. 127, Hantharwadi Road, Kamayut Township, Yangon
- 09-258886622, 09-258886633 09-258886677,01-524438

**Summer Course 2018**

**English Proficiency & Computer Courses**

Enrol Now!!

Commencing Date : **19th March 2018**

End of Summer Course : **25th May 2018**

Monday to Friday - 8:00 a.m. to 12:00 p.m.